The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ သောကြာနေ့၊ (9-1-2015) (၈၀၈၀)

❃ ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ လယ်မြေဧက ၉၀၀၀၀ ခန့်အား စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး တပ်ဆင်အင်အား ၂၀ မဂ္ဂါဝပ် နှစ်လုံးဖြင့် ရေအားလျှပ်စစ် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်း ၁၂၀ ခန့်ထုတ်လုပ်သွားနိုင်မည်ဖြစ်။

# လျှပ်စစ်ကိုအသုံးချ၍ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ထူထောင်ဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## လက်မှုလယ်ယာစိုက်ပျိုးရေးစနစ်မှ ပိုမိုထုတ်လုပ်နိုင်ရန် စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းကြရမည်

နေပြည်တော် ဇန်နဝါရီ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမိုင်တိုင် (၁၁၄)ရှိပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးချောင်းရေလွှဲဆည် မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ဖြူးချောင်းရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးအောင်မင်း၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဒေသခံလူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများနှင့် ဖြူးချောင်းရေလှောင်တမံ၊ ရေလွှဲဆည်တည်ဆောက်ပေးခြင်းကြောင့် ဒေသခံပြည်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိသွားနိုင်မည့် အခြေအနေများကို လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများ၊ နိုင်ငံတစ်ဝန်းလျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးနေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတိုးတက်မြင့်မားရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သမဝါယမဝန်ကြီးဌာနအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျချေးငွေစနစ်ဖြင့် ရောင်းချပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



ဖြူးချောင်းရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)



**ကြေးမုံစာတည်းရှုထောင့်** **၉-၁-၂၀၁၅၊ သောကြာနေ့**

# မွေးမြူစိုက်ပျိုး တောင်သူအကျိုး

စိုက်ပျိုးရေးကို အခြေခံသော မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် အားလုံးနီးပါး တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးနှင့်အသက်မွေးကြသည်။ မိဘဘိုးဘွားလက်ထက်ကတည်းက ခုတ်ထွင်ရှင်းလင်းခဲ့မည်းချမိသားစုပိုင်လယ်ကွက်တွင် မိရိုးဖလာနည်းဖြင့် စိုက်ပျိုးရေးကိုလုပ်ကိုင်ရသမှုနှင့် ရောင့်ရဲအေးချမ်းစွာ နေလာခဲ့ကြသော ကျေးလက်နေပြည်သူများ၊ ဗုဒ္ဓဘာသာမြန်မာ့ထုံးစံလေ့နှင့်အညီ လှူကြ၊ တန်းကြ၊ ကုသိုလ်ဒါနပြုကြနှင့် နွေကာလ လုပ်ငန်းနားချိန်တွင် ရဟန်းခံရှင်ပြု၊ ပြုပြုသမ္မဒါနအစုစုကို အမှုအတမ်းဝေသံ၊ သာစုခေါ်သံနှင့် ကျေးလက်၏ ဖြူစင်သန့်ရှင်း ပီပြင်လှပ ရိုးရာသဘာဝအလှများ။

စိုက်ပျိုးရေးနှင့်အတူ တစ်ပိုင်တစ်နိုင် မွေးမြူရေးကိုလည်း တွဲလျက်လုပ်ကိုင်ကြသေးသည်။ လယ်ယာလုပ်ငန်းခွင်တွင် မရှိမဖြစ်လုပ်အားရှင်ကျွဲ၊ နွားများကို မွေးမြူထားကြရသလို ဝက်၊ ကြက်၊ ဘဲအိမ်မွေးတိရစ္ဆာန်များကိုလည်း မိသားစုအတွက် တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ ထို့အပြင် လယ်ယာမြေအတွင်း ရေသွင်းရေထုတ်အဆင်ပြေစေရန် တမံများတုတ်လျက် မိုးရေလှောင်ရေမြောင်းကြီးများသည်လည်း ငါးရံ့၊ ငါးခူ၊ ငါးပြေမ၊ ကကတစ်ငါးများ ပေါက်ပွားရှင်သန်ကြီးထွားရာ သဘာဝမွေးမြူရေးကန်များဖြစ်နေတတ်သည်။ မိုးဦးကရေလှောင်ထားလိုက်ရုံနှင့် ငါးမျိုးစိုက်စရာမလိုဘဲ အလိုလိုပေါက်ပွားကာ သဘာဝငါးမျိုးများ စပါးသိမ်းချိန်၊ရေခန်းစပြုချိန်မှာ ငါးမျိုးစုံ အုံနှင့်ကျင်းနှင့်ရနေကြသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ ခွဲခြားမရစကောင်းသော အရာနှစ်ခုဖြစ်ပါသည်။ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးသည် တောင်သူလယ်သမားများအတွက် ပုံမှန်လုပ်ငန်းနှစ်ရပ်ဖြစ်သည်။

မျက်မှောက်ကာလတွင် လူဦးရေတိုးပွားလာမှုနှင့်အတူ စားနပ်ရိက္ခာလိုအပ်မှုသည်လည်း တိုးပွားလာနေရာ အလျဉ်မီနိုင်ရေးအတွက် စိုက်ပျိုးရေးကိုနည်းပညာနှင့် အဆင့်မြှင့်တင်နိုင်ဖို့ ကြိုးစားလာနေကြပြီ။ တစ်နည်း လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ဦးတည်ပြောင်းလဲလာခြင်း၊ စိုက်ပျိုးရေးတွင် နည်းပညာပေါင်းစပ် အဆင့်မြှင့်တင်လာနေသလို တစ်ပိုင်တစ်နိုင် မွေးမြူရေးတွင်လည်း သမားရိုးကျ ဘဲ၊ ကြက်၊ ဝက်အပြင် မထင်မှတ်သော မွေးမြူရေး အသစ်အဆန်းတစ်ခုကို မွေးမြူလာနေကြပါပြီ။

စိုက်ခင်းနှင့်တွဲလျက် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်လာကြခြင်း။ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်၏ ကျေးရွာတချို့တွင် ဤလုပ်ငန်းကို ကျင့်သုံးအောင်မြင်နေသည်ဟု သိရသည်။ ထိုဒေသများရှိ နေကြာစိုက်ခင်းများတွင် ပုံမှန်တစ်ဧကလျှင် တင်း ၃၀ ထွက်ရှိရာမှ ပျားအုံများနှင့် ယှဉ်တွဲထားပြီး စိုက်ပျိုးပါက ၃၇ တင်းမှ တင်း ၄၀ ကြားထွက်ရှိကြောင်း သိရသည်။ ပျားများ၏ ဝတ်မှုန်ကူးပေးခြင်းအကျိုးကျေးဇူးကြောင့် ဖြစ်သည်။ ဤကဲ့သို့ မျိုးအောင်စေဖို့ အကျိုးဆောင်ပေးသလို ပျားရည်နှင့် ပျားဖယောင်းများကိုပါ ထုတ်လုပ်ပေးရာ တောင်သူများအတွက် ဆတိုးအကျိုးထူးစေသည်။

ပျားအုံများကို အထွေအထူးထားစရာမလိုဘဲ စိုက်ခင်းဘေးချပေးထားရုံနှင့် ရသည်။ တစ်ဧကလျှင် ပျားအုံ သုံးအုံမှ ငါးအုံ ထိမွေးနိုင်သည်။ နေကြာ၊ နှမ်း၊ မုန်ညင်း၊ မုန်လာဥကဲ့သို့ နှစ်တိုပင်များ၊ ရော်ဘာကဲ့သို့ လက်ပံ၊ ကံ့ကော်၊ ဆီး၊သရက်စသည့် ပန်းပွင့်သည့် နှစ်ရှည်ခံပင်များ ဝန်းကျင်ဧရိယာအတွင်းမှာ ပျားအုံများချပေးလျက် တစ်ပိုင်တစ်နိုင် မွေးမြူရနိုင်ပါသည်။

ပျားများ၏ သဘာဝပန်းဝတ်ရည်ကို စုပ်ယူစုဆောင်းခြင်း၊ မျိုးအောင်ရန်အတွက် ဝတ်မှုန်ကူးအကျိုးဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိနေရာ ပျားအုံများနှင့် ပူးတွဲစိုက်ခင်းများတွင် ဓာတုပိုးသတ်ဆေးများမသုံးစွဲမိဖို့လည်း လိုအပ်ပါလိမ့်မည်။ သဘာဝအော်ဂဲနစ်စိုက်ခင်းများဖြစ်နေဖို့ လိုအပ်ပါလိမ့်မည်။

တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများအတွက် နေပြည်တော်မှ စံနမူနာပြ အော်ဂဲနစ်စိုက်ခင်းများတွင် အထူးသဖြင့် နေကြာ၊ နှမ်း၊ မုန်ညင်း၊ မုန်လာစိုက်ခင်းများဘေးတွင် ပျားအုံများချထားပေးလျက် လုပ်ဆောင်ပေးသွားနိုင်ပါလျှင် လာရောက်လေ့လာသူ တောင်သူလယ်သမားများအတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ် အကျိုးထူးစေနိုင်ပါကြောင်း။ ။

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ထပ်မံသတင်းထုတ်ပြန်ကြေညာမည်

**ရန်ကုန် ဇန်နဝါရီ ၈**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်တို့က ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက အကြံပြုဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို နိုင်ငံတော်အစိုးရလက်ထက်တွင် ပထမဆုံးအကြိမ် ချီးမြှင့်ခြင်းဖြစ်ပြီး ပထမအသုတ်အနေဖြင့် လျှောက်ထားသူ ၁၄၂ ဦးကို ရန်ကုန်မြို့တွင် လူတွေ့စစ်ဆေးရန် သတ်မှတ်ပြီး လူတွေ့စစ်ဆေးမည့်နေရာနှင့် နေ့ရက်တို့ကို ဆက်လက်ညှိနှိုင်းဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် ဘွဲ့ကြိုတန်း၊ ဘွဲ့လွန်တန်း လူတွေ့ဖြေဆိုရမည့်သူစာရင်းကို ဒုတိယအကြိမ်၊ တတိယအကြိမ် ထပ်မံထုတ်ပြန်ကြေညာရန်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# အမျိုးသားပညာရေးနည်းဥပဒေပြဋ္ဌာန်းနိုင်ရေး ရေးဆွဲလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာ ကဏ္ဍတိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အမျိုးသားပညာရေးနည်းဥပဒေကို ပြဋ္ဌာန်းနိုင်ရေးအတွက် ရေးဆွဲလျက်ရှိပါကြောင်း၊ အမျိုးသားပညာရေးနည်းဥပဒေတွင်ပါဝင်မည့် နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ကိစ္စရပ်များကို မူဝါဒများ၊ ဥပဒေများနှင့်အညီ ထည့်သွင်းရေးဆွဲလုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လက်ရှိဖွင့်လှစ်နေသောသိပ္ပံ၊ ကျောင်း၊ သင်တန်းများအား လက်တွေ့လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်နိုင်ရန် ကျွမ်းကျင်လုပ်သားဈေးကွက်များနှင့် ချိတ်ဆက်၍ ညှိနှိုင်းလေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်ဒေသ အသီးသီးတွင် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်သင်ကြားပေးနိုင်စေရေးအတွက် ကျွမ်းကျင်ဘာသာရပ်များကို ဦးစားပေးရွေးချယ်သင်ကြား လေ့ကျင့်ပေးရန်နှင့် Demand လိုအပ်ချက်အပေါ် မူတည်ပြီး အစိုးရဌာနအချင်းချင်း၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍမှဖြစ်စေ နိုင်ငံတကာအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ဖြစ်စေ တိုးချဲ့ဖွင့်လှစ်ရန်ဖြစ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာသင်ကျောင်း၊ သိပ္ပံများ စုပေါင်းဖွင့်လှစ်ရန်နှင့် အချိန်ပိုင်းသင်တန်းများပါ ပေါင်းစပ်ဖွင့်လှစ်ရန် လိုအပ်ပါကြောင်း၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်သင်ကြားပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် Vocational Training School နှင့် Vocational High School များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသလိုအပ်ချက်များအလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်ရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး လေ့လာဆန်းစစ်ချက်နှင့် ထောက်ခံအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၈**

| | | | |
|---|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၆၃၈၀၀ | - | ၆၆၄၈၀၀ |
| မန္တလေး ရွှေဈေး | ၆၆၃၇၀၀ | - | ၆၆၄၇၀၀ |

**စက်သုံးဆီဈေးနှုန်း**


| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၈၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၀၀၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၇၂၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၁၃. ၆ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၇. ၀၁ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၄. ၉၈ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၁. ၁၈၃ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၇. ၆၀ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၉၈ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၈၅၈. ၃၅ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၂၇၅ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၂၈. ၀၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**







## ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ ဒါရိုက်တာအဖွဲ့ဝင် (CEO, Zeya & Associates Co.,Ltd.) ဦးဇေယျသူရမွန်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၂၀၁၅ ခုနှစ်၊ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပေးအပ်ချီးမြှင့်သည့် သီဟသုဓမ္မမဏိဇောတရဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန်ရရှိခဲ့သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်ပြီး အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုးသယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

❖ ရွှေဖိုးမှ

အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသတွင်းရှိ တောင်သူများအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေရရှိရေး၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုလျော့ပါးစေရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒေသခံပြည်သူများအား နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံရန်နှင့် မိမိတို့အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဖြူးချောင်းရေလှောင်တမံကို မြစ်ရေလျှံမှုမှ ကာကွယ်နိုင်ရေး၊ လုံလောက်သည့် စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန် ရည်ရွယ်၍ ယခင်အစိုးရလက်ထက်က တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အစိုးရလက်ထက် ပြည်သူအကျိုးပြုဆောင်ရွက်မှုလုပ်ငန်းများကို ပြီးပြတ်အောင်ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖြူးချောင်းရေလှောင်တမံကို အောင်မြင်စွာ ပြီးစီးဖွင့်လှစ်နိုင်ခဲ့ခြင်းအားဖြင့် ဤဒေသအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရသည် ဒီမိုကရေစီစနစ်သစ်ကို စတင်ပြောင်းလဲကျင့်သုံးခဲ့ပါကြောင်း၊ ထိုသို့ကျင့်သုံးရာတွင် ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ပေးရေးသည် မိမိတို့အစိုးရ၏ ရည်မှန်းချက်တာဝန်ပင်ဖြစ်ပါကြောင်း၊ ထိုရည်မှန်းချက်တာဝန်ကို ထမ်းဆောင်နိုင်ရန် ပြည်သူများ၏ဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီအစိုးရတစ်ရပ်သည် သက်တမ်းကာလအတွင်း ဆောင်ရွက်ရသည့်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ပြင်းပြင်းပြောင်းလဲခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အပြောင်းအလဲမှာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် သွေးထွက်သံယိုမှုမရှိဘဲ တည်ငြိမ်အေးချမ်းစွာ အသွင်ကူးပြောင်းနိုင်ခဲ့ပါကြောင်း။


နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် နိုင်ငံသားအားလုံးပါဝင်နိုင်ရေးအတွက် အကျဉ်းသားပေါင်းများစွာကို လွှတ်ပေးခဲ့ပါကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် မိမိတို့တာဝန်စတင်ယူချိန်မှစ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခဲ့သည့်အတွက် ယခုအချိန်အခါတွင် စားပွဲတွင်ထိုင်ပြီးဆွေးနွေးနိုင်၊ လက်ဆွဲနှုတ်ဆက်နိုင်သည့်အဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မကြာမီ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲနိုင်ရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းနေကြပါကြောင်း။ ထို့မှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တူညီသည်များကို လက်တွဲဆောင်ရွက်ပြီး မတူညီသည်များကို ညှိနှိုင်းဆွေးနွေးအဖြေရှာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

စီးပွားရေးပြုပြင်ပြောင်းလဲမှုအနေဖြင့် တိုင်းပြည်၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျော့ကျရေးလုပ်ငန်းစဉ် ၈ ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရန် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်ပေးရန် အရေးကြီးပါကြောင်း၊ သို့မှသာ ကျေးလက်ဒေသများတွင် ဝင်ငွေတိုးပြီး ဆင်းရဲမှုလျော့ကျမည်ဖြစ်ပါကြောင်း၊ တစ်သီးသာစိုက်ပျိုးသည့်စနစ်မှနှစ်သီး၊သုံးသီးစိုက်ပျိုးနိုင်ကြရန်အတွက် စိုက်ပျိုးရေရရှိရန် ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ မိရိုးဖလာ လက်မှုလယ်ယာစိုက်ပျိုးရေးစနစ်မှ ပိုမိုထုတ်လုပ်နိုင်ရန် စက်မှုလက်ယာစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းကြရမည်ဖြစ်ပါကြောင်း။

ယင်းသို့ ကူးပြောင်းနိုင်ရန် တောင်သူလယ်သမားများအတွက် သမဝါယမအသင်းအဖွဲ့များကို ထူထောင်ပြီး ကုန်ထုတ်သွင်းအားစုများကို ဖြည့်ဆည်းပေးနေပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပေါများကြွယ်ဝသည့် သဘာဝသယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ထူးချွန်လူငယ်များကို နိုင်ငံတကာသို့ ပညာသင်များစေလွှတ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရေးအတွက်လည်း လိုအပ်သည့် လိုက်လျောညီထွေမှုရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတချို့ရင်းနှီးမြှုပ်နှံလျက်ရှိနေကြပြီးတချို့မှာ ရင်းနှီးမြှုပ်နှံရန်ပြင်ဆင်နေကြပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါကြောင်း၊ ယင်းသို့ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်နှင့် လျှပ်စစ်ဓာတ်အားရရှိရန်၊ သန့်ရှင်းသည့်သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ လိုအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လိုအပ်ချက်များကို မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ လျှပ်စစ်ကို အသုံးချ၍ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ထူထောင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့



တိုက်ခန်းပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

တာမွေ၊ မေတ္တာညွန့်၊ နေမျိုးသူရလမ်း၊ ပေ(၁၅×၅၀)၊ ဒုတိယထပ် (လူမနေရသေးသောတိုက်သစ်) ပြင်ဆင်ပြီး၊ လမ်းအလွန်သန့်။

သိန်း(၅၈၀)ညှိနှိုင်း

ဖုန်း-၀၉-၂၅၂၁၀၇၇၀၀၊ ၀၉-၂၆၀၀၀၈၈၁၀

ရောင်းမည်

မထသ (၄၈) အထူး NISSAN (1C နှင့် 2C) နှစ်စီး၊

သိန်း(၅၆၀)

ဖုန်း-၀၉၅၀၁၇၀၆၅








# သီရိလင်္ကာသမ္မတရွေးကောက်ပွဲ အကြိတ်အနယ် ယှဉ်ပြိုင်

ကိုလံဘို ဇန်နဝါရီ ၈

**သီရိလင်္ကာနိုင်ငံ၌ ဆယ်စုနှစ်ပေါင်းအတန်ကြာကာလအတွင်း အကြိတ်အနယ်ယှဉ်ပြိုင်ရဆုံး ရွေးကောက်ပွဲအဖြစ် သမ္မတရွေးကောက်ပွဲကို ဇန်နဝါရီ ၈ ရက်က ကျင်းပသည်။ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ မဟိန္ဒြာ ရာဇာပက်ဆေးနှင့် အတိုက်အခံ သမ္မတလောင်း မိသရီပါလာ သီရိဆေနာတို့ အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိကြသည်။**



သီရိလင်္ကာနိုင်ငံသမ္မတ
မဟိန္ဒြာ ရာဇာပက်ဆေး။

ရာဇာပက်ဆေးသည် တတိယမြောက် ရာထူးသက်တမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရရှိရန် မဲဆွယ်စည်းရုံးခဲ့သည်။ သီရိလင်္ကာနိုင်ငံတွင် အဂတိလိုက်စားမှုကင်းဝေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုရရှိရေးတို့အတွက် မိမိကြိုးပမ်းဆောင်ရွက်မည်ဟု အတိုက်အခံ သမ္မတလောင်းက ကတိပြုခဲ့သည်။

ရွေးကောက်ပွဲအကြို ပြည်သူ့သဘောထား စစ်တမ်းများအရ အကြိတ်အနယ် ယှဉ်ပြိုင်ရမည့်ရွေးကောက်ပွဲအဖြစ် ရှုမြင်ရကြောင်း သတင်းတွင်ဖော်ပြသည်။

နိုင်ငံတစ်ဝန်း၌ မဲရုံပေါင်း ၁၂,၀၀၀ ကျော် ဖွင့်လှစ်ထားပြီး ဒေသစံတော်ချိန် နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ ပြည်သူများ မဲပေးနိုင်သည်။

မဲပေးခွင့်ရှိသူ ပြည်သူ ၁၅ သန်းရှိပြီး ရွေးကောက်ပွဲရလဒ်ကို ဇန်နဝါရီ ၉ ရက် အစောပိုင်းတွင် ထုတ်ပြန်ကြေညာနိုင်မည်ဟု မျှော်လင့်ရသည်။

**ပီတီအိုင်။**



အတိုက်အခံ သမ္မတလောင်း
မိသရီပါလာ သီရိဆေနာ။

□□

# နယ်စပ်ဖြတ်ကျော် မူးယစ်မှောင်ခိုဂိုဏ်းအား တရုတ်နှင့် အင်ဒိုနီးရှား ပူးပေါင်းဖြိုခွင်း

**ပေကျင်း ဇန်နဝါရီ ၈**

တရုတ်နှင့် အင်ဒိုနီးရှားရဲတပ်ဖွဲ့များသည် နယ်စပ်ဖြတ်ကျော် မူးယစ်မှောင်ခိုဂိုဏ်းတစ်ခုကို ဖြိုခွင်းခဲ့ပြီး သံသယရှိသူကိုးဦးကို ဖမ်းဆီးလိုက်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန (MPS) က ဇန်နဝါရီလ ၈ ရက်တွင် ကြေညာခဲ့သည်။

ဟောင်ကောင်မှလေးဦး၊ အင်ဒိုနီးရှားနိုင်ငံမှလေးဦးနှင့် မလေးရှားနိုင်ငံမှ တစ်ဦး အပါအဝင် သံသယရှိသူများအား ဇန်နဝါရီ ၅ ရက်က အင်ဒိုနီးရှားနိုင်ငံရှိ ကုန်လှောင်ရုံများသို့ ပုံဆောင်ခဲ မီသာဖက်တမင်း သို့မဟုတ် အိုက်စ်မူးယစ်ဆေးများ ပေးပို့ပြီးနောက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အိုက်စ်မူးယစ်ဆေးဝါး ၈၆၂ ကီလိုဂရမ်ထက်မနည်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဟောင်ကောင်မှ မိသားစုအမည် ဝမ်ဟုဆိုသူ သံသယရှိသူတစ်ဦးမှာ အင်ဒိုနီးရှားနိုင်ငံရှိ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်သည်ဟု သဲလွန်စတစ်ခု ၂၀၁၂ ခုနှစ်က ရရှိပြီးနောက် တရုတ်နိုင်ငံသည် အင်ဒိုနီးရှားအာဏာပိုင်များနှင့် ပြီးခဲ့သည့် ဇွန်လတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

နောက်ပိုင်းတွင် တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်အပြင် အင်ဒိုနီးရှားနိုင်ငံမှ ရဲတပ်ဖွဲ့များ သည် စုံစမ်းစစ်ဆေးမှုကို ပူးတွဲဆောင်ရွက်ခဲ့ကြပြီး နောက်ဆုံးတွင် မူးယစ်ဂိုဏ်းကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**



# ကုမ္ပဏီအလုပ်သမားများ ရက်ရှည်အားလပ်ခွင့်ခံစားနိုင်ရေး ဂျပန်အစိုးရက ဥပဒေပြင်ဆင်ချက်တင်သွင်းမည်

**တိုကျို ဇန်နဝါရီ ၈**

ဂျပန်နိုင်ငံ၌ ကုမ္ပဏီအလုပ်သမားများအား တစ်နှစ်လျှင်တစ်ကြိမ် လစာခံစားနိုင်သည့် ခွင့်ရက်ရှည်ပေးရန် အလုပ်သမားဥပဒေပြင်ဆင်ချက်တစ်ရပ်တွင် ဖော်ပြထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အလုပ်သမား စံနှုန်းများဆိုင်ရာ ဥပဒေအတွက် ပြင်ဆင်ချက် ဥပဒေကြမ်းတစ်ရပ်ကို အစိုးရက ရေးဆွဲထားရာတွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

အလုပ်ဝန်ထုပ်ဝန်ပိုးကို နေ့စဉ်နှင့်အမျှ ထမ်းပိုးနေကြရသော အလုပ်သမားများ အနေဖြင့် စိတ်အေးချမ်းသာစွာ အပန်းဖြေနားနေခွင့်ရှိရန် လည်းကောင်း၊ လုပ်ငန်းတာဝန်နှင့် လူမှုရေးဘဝ ချိန်သားမျှတမှုရှိစေရန်လည်းကောင်း ရည်ရွယ်လျက် ဥပဒေပြင်ဆင်ချက် ပြုလုပ်ရခြင်းဖြစ်သည်ဆို၏။



ဂျပန်နိုင်ငံ၌ နှစ်စဉ်လုပ်ခလစာရ ခွင့်ခံစားခွင့်ပေးရေးစနစ်အရ ခြောက်လကျော်မျှ ဆက်တိုက်အလုပ်လုပ်ခဲ့သော အလုပ်သမားတစ်ဦးအနေဖြင့် ၁၀ ရက်မှ ရက် ၂၀ အထိ ခွင့်ခံစားနိုင်သည်။ တစ်နည်းအားဖြင့် တစ်နှစ်လျှင် ကြိုတင်သတ်မှတ်ထားသော အလုပ်လုပ်ရက် စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော် လုပ်ကိုင်ခဲ့သူ အလုပ်သမားကို လုပ်ခလစာအပြည့်ဖြင့် ရက်ရှည်အားလပ်ရက်ခံစားခွင့်ပေးရသည်။

အလုပ်သမားများ ရက်ရှည်အားလပ်ခွင့်ခံစားနိုင်ရေးဆိုင်ရာ ဥပဒေပြင်ဆင်ချက်ကို ဂျပန်အစိုးရအဖွဲ့က ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည့် ဒိုင်းယက်(အောက်လွှတ်တော်)သို့ တင်သွင်းမည်ဖြစ်သည်။

**ကျိုဒို။**

# အီရတ်နိုင်ငံအလယ်ပိုင်း ဆမ်မာရာမြို့ရှိ စစ်ဆေးရေးစခန်းများကို အိုက်အက်စ်အဖွဲ့တိုက်ခိုက်



**ဆမ်မာရာ ဇန်နဝါရီ ၈**

အီရတ်နိုင်ငံအလယ်ပိုင်း ဆမ်မာရာမြို့၌ လုံခြုံရေးတပ်ဖွဲ့များက ထိန်းချုပ်ထားသော စစ်ဆေးရေးစခန်းတစ်ခုကို အိုင်အက်စ်စစ်သွေးကြွများက ဇန်နဝါရီ ၈ ရက်တွင် တိုက်ခိုက်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ၂၈ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဆမ်မာရာမြို့ အနောက်ဘက်ရှိ မော်တော်ကားလမ်း တည်နေရာရှိ စစ်ဆေးရေးခန်းများကို အိုင်အက်စ်အဖွဲ့က အသေခံ ဗုံးခွဲတိုက်ခိုက်မှု ငါးကြိမ်ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများ၌ ဖော်ပြသည်။

ဆမ်မာရာမြို့၌ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အသေခံဗုံးခွဲ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

ဆွန်နီမျိုးနွယ်စုများ အဓိကနေထိုင်သည့် အဆိုပါမြို့ကို အိုင်အက်စ်တပ်ဖွဲ့များက ဝန်းရံပိတ်ဆို့ထားသည်။ ဆမ်မာရာမြို့သည် သာသနာ့သမိုင်းဝင် နေရာလည်းဖြစ်သည်။ အိုင်အက်စ်အဖွဲ့သည် လွန်ခဲ့သည့်နှစ် ဇွန်လက အီရတ်မြောက်ပိုင်းဒေသကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီးနောက် ယင်းမြို့ကို ပိတ်ဆို့ထားသည်။

အီရတ်အစိုးရတပ်ဖွဲ့များနှင့် မဟာမိတ် ရှီးယိုက်ပြည်သူ့စစ်အဖွဲ့ဝင်များက ဆမ်မာရာမြို့ မကျရေးအတွက် ခုခံကာကွယ်လျက် ရှိသည်။ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့၏ လေကြောင်းမှ ပစ်ကူပေးမှုဖြင့် ၎င်းတို့အနေဖြင့် အီရတ်တောင်ပိုင်းမှ မြို့များနှင့် ရွာများကို မကြာသေးမီက ပြန်လည်သိမ်းယူနိုင်ခဲ့သည်။

**ရိုက်တာ။**

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

**နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ**

နိုင်ငံတော် သမ္မတဦးသိန်းစိန် ထံသို့ သမ္မတဒေါက်တာရမ်ဘာရမ်ရာဒေ့ဗ်ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပျော်ရွှင်ဖွယ်ရာ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း တိုးတက်ကြွယ်ဝပါစေကြောင်း မိမိအနေဖြင့် လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြားတည်ရှိနေသည့် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေးသည် လာမည့်နှစ်များတွင် ပိုမိုရှင်သန် တိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဆူရှီကွိုင်ရာလာထံမှ သမ္မတဦးသိန်းစိန်ထံသို့ လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာ အမ်ဒီအဗ္ဗဒူလ်ဟာမစ်ထံမှ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် နှုတ်ခွန်းဆက်သမှုနှင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးသည် ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံသည့် ကောင်းမွန်သော ဆက်ဆံရေးဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် တည်ရှိလျက်ရှိသော ဆက်ဆံရေးပိုမိုခိုင်မာစေရေးအတွက် မိမိတို့နှစ်နိုင်ငံ အတူတကွ ဆက်လက် ဆောင်ရွက်သွားရန် မိမိအနေဖြင့် မျှော်လင့်ပါကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာထံမှ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**စင်ကာပူသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းထံမှပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် စင်ကာပူသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများအား ချီးကျူးဂုဏ်ပြုအပ်ပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် ထင်ရှားသော ပြောင်းလဲမှုနှင့် တိုးတက်မှုများ ဖြစ်ပေါ်လာလျက်ရှိပါသည်။ လွန်ခဲ့သည့် နှစ်အတွင်း မြန်မာနိုင်ငံ၏ ပထမဦးဆုံး အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းအပါအဝင် အဆွေတော် ဦးဆောင်သည့် အစိုးရ၏ အောင်မြင်မှုများအတွက် အဆွေတော်အား ချီးကျူးဂုဏ်ပြုအပ်ပါသည်။ လွန်ခဲ့သည့်နှစ်က မိမိနှင့်မိမိ၏ဇနီးဖြစ်သူ ဟိုချင်းတို့ နေပြည်တော်သို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း အဆွေတော်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ပေးအပ်ခဲ့သည့် နှစ်လိုဖွယ် ဧည့်ဝတ်ကျေပွန်မှုများကိုလည်း မိမိတို့အနေဖြင့် များစွာကျေနပ်မိပါသည်။ မိမိတို့နှစ်နိုင်ငံသည် ကဏ္ဍများစွာတွင် နှစ်နိုင်ငံချင်းသာမက အာဆီယံနှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများတွင်ပါ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စင်ကာပူနိုင်ငံအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးများ နက်ရှိုင်းလာစေရန် အတွက်သာမက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများ တွင်ပါ ဆက်လက်ပံ့ပိုးကာ မြန်မာနိုင်ငံနှင့် နီးကပ်စွာလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ စင်ကာပူသမ္မတ တိုနီတန် ကင်ယမ်းထံမှလွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ စင်ကာပူ သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥပဒေရေးရာဝန်ကြီးဌာနဝန်ကြီး မစ္စတာ ကေရှန်မူဂန်ထံမှ လွတ်လပ်ရေးနေ့ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

**အင်ဒိုနီးရှားသမ္မတနိုင်ငံ**

အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုထံမှ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယ တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံပြည်သူများနှင့်အစိုးရကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ နောင်အနာဂတ်တွင်လည်း နှစ်နိုင်ငံပြည်သူများ အကျိုးအမြတ်ရရှိရေး အတွက် အာဆီယံနှင့် အခြားသောဖိုရမ်များ၏ လုပ်ငန်းမူဘောင်များမှ တစ်ဆင့် မိမိတို့၏ချစ်ခင်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမို တိုးတက်စေရန် ဆက်လက် ဆောင်ရွက်သွားမည်ဟုယုံကြည်ပါသည်။

**ထိုင်းနိုင်ငံ**

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာထံမှပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ထိုင်းနိုင်ငံအစိုးရနှင့်ပြည်သူများ ကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ကြောင်းဆုမွန်ကောင်းများပို့သအပ်ပါသည်။ ထိုင်းတော်ဝင် အစိုးရနှင့်ပြည်သူများက မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုနှင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာထမ်းရွက်နိုင်ခြင်းအတွက် များစွာဂုဏ်ယူပါသည်။ နောင်လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာဆတ်ခ် ပီတိမ ပရာဂွန်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။



# နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၁၅ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးညဏ်ထွန်းအောင်၊ ဒေါက်တာသန်းအောင်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများ၊ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဇန်နဝါရီလအတွင်း စတင်ကျင်းပမည့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများ အပါအဝင် လာမည့်လွှတ်တော် အစည်းအဝေးများသည် မိမိတို့ လွှတ်တော်အသီးသီးအတွက် အရေးကြီးသကဲ့သို့ ပြည်ထောင်စုအစိုးရအဖွဲ့ အတွက်လည်း အရေးကြီးသည့် အစည်းအဝေးများဖြစ်ပါကြောင်း၊ လက်ရှိလွှတ်တော်သက်တမ်း (၅)နှစ်တာကာလသည် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ၂၀၁၅ခုနှစ် ရွေးကောက်ပွဲရလဒ်များ အပေါ်မူတည်၍ လွှတ်တော်များ ပြန်လည် ဖွဲ့စည်းရမည်ဖြစ်ပြီး နောင်တက်လာမည့် လွှတ်တော်ကို လွှဲပြောင်းပေးရမည်ဖြစ်ပါကြောင်း။

လာမည့်ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းရမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးအတည်ပြုပေးရမည်ဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လက်ရှိလွှတ်တော်သက်တမ်းတွင် နောက်ဆုံးအကြိမ် စိစစ်ညှိနှိုင်းပေးခွင့်ရရှိခြင်းဖြစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

လာမည့်အစည်းအဝေးများတွင် အဓိကဆောင်ရွက်ရမည့် အဆိုပါဥပဒေကြမ်းများအပါအဝင် အခြားအရေးကြီးသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ မှန်မှန်ကန်ကန်နှင့် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက် ယခင်အစည်းအဝေးများနည်းတူ အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၁၅ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးအတွက် ဗဟိုကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းကော်မတီများ ပြန်လည်ဖွဲ့စည်းရန်လျာထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။


ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများတွင်ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လွှတ်တော် အစည်းအဝေး ကာလအတွင်း လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။


ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက လွှတ်တော်ကိုယ်စားလှယ်များ၏ စားသောက်ရေး၊ တည်းခိုနေထိုင်ရေး၊ ရုပ်/သံ ပိုင်းအပါဝင် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီးပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများကို လာမည့် ဇန်နဝါရီ ၁၉ ရက်တွင် စတင်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**











# ကာယ ဉာဏ ဇာဂဗလ ပြည့်စုံအောင်ကြိုးရှယ် ကင်းထောက်တို့များ ညီစေကွယ်

**(ရာမည - သွေးမွန်)**

**"ကာယ ဉာဏ ဇာဂဗလ ပြည့်စုံအောင်ကြိုးရှယ် ကင်းထောက်တို့များ ညီစေကွယ်"** ဤသို့သော စာသားပါ ကင်းထောက်သီချင်းမှာ မကြားရကြာမြင့်လှပြီဖြစ်၍ မေ့တေ့တေ့ရှိပြီဖြစ်သည်။ အသိစိတ်တွင် တစ်ပိုင်းတစ်စသာ ကျန်ရစ်ပါသည်။ မိမိတို့သည် "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"ဆိုစကားအတိုင်း လူငယ်တို့အပေါ်များစွာ အားထားယုံကြည်ခဲ့ကြသည်။ အနာဂတ်၏ ခေါင်းဆောင်များအဖြစ် လူငယ်တို့အား ပြုစုပျိုးထောင်ရန် နည်းလမ်းအစီအမံများဖြင့် အားထုတ်ကြိုးပမ်းကြဖို့ရှိပါသည်။ အတိတ်သမိုင်းကြောင်းက အားနည်းမှုများကိုအကြောင်းပြု၍လည်း ပစ္စုပ္ပန်တွင် အလှဆင်နိုင်ရန် အားထုတ်ခဲ့သည်။ အနာဂတ်လူ့အဖွဲ့အစည်း သာယာဝေစည်ရန်လည်း လက်ရှိပစ္စုပ္ပန်တွင် ခြေစုံရပ်နေကြသူမိမိတို့တွင် တာဝန်ရှိကြသည်ဟု ကိုယ်စီကိုယ်ငှခံယူထားကြရန်လိုပါသည်။

နိုင်ငံတော်၏လက်ရှိအခြေအနေသည် အနာဂတ်၏ အဖိုးမဖြတ်နိုင်သော နိုင်ငံ့ရတနာများအဖြစ် လူငယ်လူရွယ်တို့အား ပုံသွင်းဖန်တီးပေးရန်သည် အရေးတကြီးလိုအပ်လျက်ရှိသည်။ ယနေ့လူငယ်တို့၏ စာရိတ္တမဏ္ဍိုင်ကို တိုးဝှေ့ဖြိုလှဲနေသော စရိုက်ဆိုးများ ပွင့်လင်းလူ့အဖွဲ့အစည်း၏ အားနည်းချက်များအဖြစ် ရယူဆုပ်ကိုင်လာနေသော အခြေအနေဖြစ်သည်။ ယင်းသို့ပုံသွင်းဖန်တီးကြရာတွင် လူငယ်လူရွယ်များ၏ ကိုယ်ကျင့်တရားနှင့်အကျင့်စာရိတ္တကောင်းမွန်စေရန်ပြုပြင်ပေးပြီး မိမိကိုယ်ကို မိမိအားကိုးတတ်ခြင်း၊ အကြီးအကဲတို့၏ အမိန့်နှင့်သွန်သင်မှုများကို ရိုသေလိုက်နာတတ်ခြင်းစသည့် အလေ့အကျင့်ကောင်းများရရှိအောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်သည်။ ယနေ့ခေတ်လူငယ်များ ဟော့ရမ်း၊ ကြမ်းတမ်းသော အမူအကျင့်များ တွေ့မြင်လာရသည်။ သို့ဖြစ်ရာ စာရိတ္တကောင်းမွန်သော ယဉ်ကျေးသိမ်မွေ့သည့် လူ့အသိုင်းအဝိုင်းအတွင်း ရိုင်းပင်းကူညီလိုစိတ်များထက်သန်လာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ကင်းထောက်အဖွဲ့များ မိမိတို့နိုင်ငံ တစ်နံတစ်လျားတွင် တစ်ကျော့တစ်ဖန် ပြန်လည်ဖွဲ့စည်းတော့မည်ဖြစ်သည်။

ကင်းထောက်လုပ်ငန်းတွင် သူတစ်ပါးအတွက် အကျိုးဆောင်ခြင်းမှာ အရေးကြီးသော အခြေခံအစိတ်အပိုင်းဖြစ်သည်။ သို့ဖြစ်၍ ကင်းထောက်များ နေ့စဉ်ကောင်းမှုတစ်ခုမဟုတ်တစ်ခု အစဉ်အမြဲပြုလုပ်နေကြဖို့ နှလုံးသွင်းထားရန် လိုအပ်လှပါသည်။ အမှုကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ပဓာနမထားဘဲကောင်းသောအမှုကို ပြုလိုသည့် စိတ်ရင်းစေတနာရင်းကို ပြုစုပျိုးထောင်နေကြရမည်ဖြစ်သည်။

မိမိတို့မြန်မာနိုင်ငံတွင် ရည်ရွယ်ချက်ကောင်းများဖြင့်၁၉၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကင်းထောက်လူငယ်အဖွဲ့အစည်း အဆင့်ဆင့်ကို စတင်ဖွဲ့စည်းခဲ့သော်လည်း အမှန်မှာ ၁၉၁၀ ပြည့်နှစ်ကပင် ကင်းထောက်လုပ်ငန်းကို စတင်မိတ်ဆက်ခဲ့သည်ဟု သိရသည်။ ထိုစဉ်က မြန်မာပြည်ကင်းထောက်လုပ်ငန်းကို ဗြိတိသျှပိုင် အိန္ဒိယပြည်၏ လက်အောက်ခံအဖြစ် ဗြိတိသျှလူမျိုးတို့ကပင် စတင်ခဲ့ခြင်းဖြစ်သည်။

**ကင်းထောက်များဖွဲ့စည်းရာတွင် အသက်အပိုင်းအခြားအရ ခြေနင်းကင်းထောက်အဆင့် အငယ်ဆုံးအတန်းမှာ (၈)နှစ်မှ (၁၁)နှစ်ဖြစ်၍ "ဝံပုလွေငယ်"ဟု ခေါ်သည်။ အသက် (၁၂)နှစ်မှ (၁၅)နှစ်အထိ လူငယ်များကိုမူ "ကင်းထောက်"အဖွဲ့ဟု ဆိုရသည်။ (၁၅)နှစ်မှ (၁၈)နှစ်အထိ "လုလင်ကင်းထောက်"အဖွဲ့ဟုဆိုသည်။ အကြီးဆုံးအတန်းမှာ "ရိုဗာကင်းထောက်" အဖွဲ့ဖြစ်သည်။ အသက်(၁၈)နှစ်မှအထက် အသက်အပိုင်းအခြားမရှိတော့ဘဲ ပါဝင်ခွင့်ရရှိကြသည်။** ကင်းထောက်များ လက်ဆွဲနှုတ်ဆက်ရာ၌ ဘယ်လက်အချင်းချင်းနှုတ်ဆက်ကြရပြီး ချစ်ခင်ရင်းနှီးမှုကိုလည်းကောင်း၊ ကတိသစ္စာပြုကြရာ၌လည်းကောင်း လက်သုံးချောင်းထောင်၍ အမှတ်သညာပြု ပြကြရသည်။

သိရှိကြသည့်အတိုင်း ကိုလိုနီခေတ် ဗြိတိသျှတို့အုပ်ချုပ်စဉ်ကာလဖြစ်၍ သာသနာပြုကျောင်းများ၊ မြို့မကျောင်းနှင့် ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းတို့တွင်သာ ကနဦးဖွဲ့စည်းခဲ့ပြီး မရှေးမနှောင်းမှာပင် မြန်မာပြည်အစိုးရကျောင်းများ၊ နေရှင်နယ်ကျောင်းများတို့တွင်လည်း ကျောင်းသားလူငယ်ကင်းထောက်အသင်းများ ဖွဲ့စည်းထူထောင်ခဲ့ကြသည်။

ကင်းထောက်လုပ်ငန်း၏ဖခင်ကြီးဟုဆိုရမည့် ရောဘတ်ဗေဒဲန်ပိုဝဲလ် (Robert Baden Powall)သည်ပင် မြန်မာနိုင်ငံသို့ ၁၉၂၁ ခုနှစ်တွင် ကင်းထောက်လုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် အိန္ဒိယနိုင်ငံမှတစ်ဆင့် ရောက်ရှိခဲ့ကြောင်း ဩစတြေးလျနိုင်ငံထုတ် The Daily News သတင်းစာတွင် (၁၆-၇-၁၉၂၁)ရက်စွဲဖြင့် ဖော်ပြခဲ့သည်။ မိမိတို့မြန်မာနိုင်ငံတွင်မူ စတင်ဖွဲ့စည်းစဉ်မှစ၍ တစ်စတစ်စအင်အားတိုးလာကာ ၁၉၅၂ ခုနှစ်တွင် အင်အား ၄၆၃၇ ဦးဖြစ်လာသည်။ ၁၉၅၃ ခုနှစ်တွင် နိုင်ငံတော်သမ္မတဟောင်း စဝ်ရွှေသိုက်အား မြန်မာပြည်ကင်းထောက်အသင်းကြီး၏ နာယကအဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။ ၁၉၅၇ ခုနှစ်သို့အရောက်တွင် အသင်းဝင်ဦးရေ ၁၃၈၈၉ ဦးရှိနေပြီးလည်းဖြစ်သည်။ ၁၉၆၄ ခုနှစ် ဖျက်သိမ်းလိုက်စဉ်က ကင်းထောက်အရေအတွက်မှာ ၉၃၅၆၂ ဦးဖြစ်ရာ ထိုစဉ်က တစ်နိုင်ငံလုံး(ထက်၊ လယ်၊ မူ) ကျောင်းသားကျောင်းသူအင်အား ၁၈၅၉၉၈၅ ဖြစ်၍ အချိုးရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

ထင်ရှားသော ကင်းထောက်အသင်းအကြီးအကဲများအနက် ၁၉၆၁-၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်ကောင်စီဝင် ဗိုလ်မှူးချုပ် သရေစည်သူသန်းဖေ (ဒုတိယဦးစီးချုပ်-ရေ)သည် ကင်းထောက်များဗဟိုကောင်စီ၏ ကင်းထောက်မှူးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ယင်းကာလမှာပင် မြန်မာ့နိုင်ငံရေးတွင် လူသိများသော မြစ်ကြီးနား၊ ကာမိုင်းမြို့ဇာတိ နေးရှင်းဦးလောရုံသည်လည်း မြန်မာနိုင်ငံကင်းထောက်ဗဟိုကောင်စီဝင်အဖြစ် တက်ကြွစွာဆောင်ရွက်ခဲ့သည်။ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်သည်ပင် အမျိုးသမီးကင်းထောက်အဖွဲ့ ကင်းထောက်ချုပ်အဖြစ် တာဝန်ယူခဲ့ဖူးကြောင်း သိရသည်။

> **လူငယ်လူရွယ်များ၏ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တကောင်းမွန်စေရန် ပြုပြင်ပေးပြီး မိမိကိုယ်ကို မိမိအားကိုးတတ်ခြင်း၊ အကြီးအကဲတို့၏ အမိန့်နှင့် သွန်သင်မှုများကို ရိုသေလိုက်နာတတ်ခြင်းစသည့် အလေ့အကျင့်ကောင်းများရရှိအောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်။**

**မိမိတို့ လူသိများပြီးဖြစ်သော စာရေးဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း)မှာလည်း အမျိုးသမီးကင်းထောက်မင်းကြီးအဖြစ် တာဝန်ယူခဲ့ဖူးသည်။ ထို့ပြင် ပါလီမန်ခေတ် (၁၉၄၈-၁၉၆၂)တွင် ကင်းထောက်လုပ်ငန်းများအား နိုင်ငံတော်အကြီးအကဲများ ကိုယ်တိုင်စိတ်ဝင်တစား ကိုယ်တိုင်ကိုယ်ကျ အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်ကို မြန်မာနိုင်ငံကင်းထောက်အသင်း၏ နာယကတစ်ဦးဖြစ်ခဲ့သကဲ့သို့ သမ္မတကြီးဒေါက်တာဘဦး၊ မန်းဝင်းမောင်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုတို့သည်လည်း ကင်းထောက်နာယကများအဖြစ် လူငယ်ကင်းထောက်များနှင့် တစ်သားတည်းဖြစ်ခဲ့ကြောင်း မှတ်တမ်းဓာတ်ပုံများတွေ့မြင်ကြရသည်။ နှစ်စဉ် ဇန်နဝါရီ ၁ ရက်ကိုလည်း ကင်းထောက်နေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်ဟောပြောပွဲများ၊ မီးပုံပွဲများကျင်းပခဲ့ကြသည်။**

ယင်းနောက်ပိုင်း ၁၉၆၄ ခုနှစ် မတ် ၁ ရက်နေ့ သက်တမ်း (၄၄)နှစ်တော်လှန်ရေးကောင်စီလက်ထက်တွင် အစဉ်အလာကောင်းများဖြင့် ထူထောင်ခဲ့သော မြန်မာနိုင်ငံကင်းထောက်အသင်းကို ဖျက်သိမ်းလိုက်ကြောင်း ကြေးမုံသတင်းစာ ၂-၃-၁၉၆၄ရက်တွင် "ထိရောက်စွာ အထောက်အကူမပြုနိုင်၍လည်းကောင်း၊ လူငယ်များကို ကျယ်ကျယ်ပြန့်ပြန့် စုစည်းနိုင်ခြင်းမရှိဟုလည်းကောင်း ကင်းထောက်ကောင်စီ၏ ဆုံးဖြတ်ချက်အရ" ဟူသော အကြောင်းပြသတင်းကို တစ်ပုဒ်ဖြင့် အသင်းပျောက်ကွယ်ခဲ့ရသည်။

သို့ဖြင့် နှစ် (၅၀)မျှ ဖျက်သိမ်းကာ ပျောက်ကွယ်နေခဲ့သော "ကင်းထောက်အသင်းများ"အား ကျောင်းများတွင် ပြန်လည်ဖွဲ့စည်းရန် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းတစ်ရပ်အနေဖြင့် ပြန်လည်အကောင်အထည်ဖော်ခဲ့သည်။ ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို အကောင်းမြင်ဖော်ဆောင်ခြင်းလည်းဖြစ်သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၀ တွင် နေပြည်တော်၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးက ကင်းထောက်များ ပြန်လည်ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ယင်းနောက်ပိုင်း ကြေးမုံသတင်းစာမှာပင် ဒီဇင်ဘာလ ၁ ရက်နေ့က ဒုတိယကင်းထောက်ချုပ်ဒေါ်ခင်စောဥမ္မာက အမျိုးသမီးကင်းထောက်အင်အား ၁၉၀၀၀ ကျော်ရှိပြီး နှစ်ကုန်တွင် ၃၀၀၀၀ အထိ တိုးလာဖွယ်ရှိကြောင်း ဆိုသည်ဟု ဖော်ပြသည်။ ဒီဇင်ဘာ ၂ ရက်နေ့ သတင်းစာတွင်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နော်ဝေနိုင်ငံဟာရယ်ဘုရင်အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုရာတွင် နေပြည်တော်အထက(၅)မှ ကင်းထောက်လူငယ်မောင်မယ်များက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်ကို တွေ့လိုက်ရသည်။ ယနေ့၌ဆောင်းပါး ရေးနေစဉ် ဒီဇင်ဘာ ၃ ရက်မှာလည်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ချီတက်ရေး၊ ဂျပန်နိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့ဝင်များစခန်းသွင်း လေ့ကျင့်ရေးကိစ္စနှင့် ယခုနှစ်တက္ကသိုလ်အလိုက် ကင်းထောက်များ စတင်ဖွဲ့စည်းရေးဆွေးနွေးကြသည့် သတင်းများဆက်တိုက် ဖတ်ရှုလိုက်ရသည်ဖြစ်ရာ တစ်ကျော့ပြန်မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ဖွံ့ဖြိုးမှုအလားအလာကို သတိပြုမိပါသည်။**

အသင်းကို စတင်ဖွဲ့စည်းစဉ် ယခင် ၁၉၅၄ ခုနှစ် စက်တင်ဘာ ၂၈ ရက်က မြန်မာနိုင်ငံကင်းထောက်အမျိုးသားကောင်စီ၏ ကင်းထောက်မှူးချုပ် ဒုတိယဗိုလ်မှူးကြီးဘရှင် ရမည်းသင်းမြို့သို့ ညနေပိုင်းရောက်ရှိခဲ့စဉ်က နိုင်ငံတော်အစိုးရတန်းမြင့်ကျောင်း၌ မြို့မိမြို့ဖများနှင့်တွေ့ဆုံကာ အစည်းအဝေးကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် အများဆန္ဒဖြင့် ကင်းထောက်အသင်းဖွဲ့စည်းရန် ခရိုင်ဝန်ဦးကျော်မင်းအမှူးပြုသော အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်နိုင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အထက်တန်းကျောင်းဝင်းအတွင်း ယင်းသို့ ကိုလိုနီခေတ်ဦးက ကင်းထောက်ဆရာများ၏ ဦးဆောင်မှုဖြင့် ကင်းထောက်လူငယ်အဖွဲ့ သုံးဖွဲ့တို့က တည်ဆောက်ခဲ့သော ၅ ပင်၊ ၃ ပင် အုတ်တစ်ထပ်အဆောက်အအုံမှာ ရှေ့မျက်နှာစာတွင် စကျင်ကျောက်ပြားထက်၌ "Scout Hall Yamethin 1934" ဟု ရေးထိုးထားသော ကမ္ပည်းစာတန်း တွေ့မြင်နိုင်ကြသည်။ ယခုအခါ သက်တမ်းနှစ် ၈၀ ရှိပြီလည်းဖြစ်သည်။ သမ္မတကြီးစီမံလမ်းညွှန်မှုဖြင့် စေတနာအလှူရှင်တစ်ဦးက သိန်း ၃၀၀ ခန့် အကုန်အကျခံကာ ရှေးမူမပျက် ပြန်လည်ပြုပြင်ပြီးဖြစ်ပါသည်။ အလျား ၅၈ ပေ ၄ လက်မ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေ မူလအတိုင်းအုတ်ကြွပ်မိုးဖြင့် ဥပမိသွင်ပြင် ငယ်ရုပ်ဆင်ကာ သစ်လွင်တောက်ပလျက်ရှိနေပါသည်။

"အစဉ်အသင့်"ဟူသည်မှာ ကင်းထောက်တို့၏ ဆောင်ပုဒ်ဖြစ်ပေရာ အင်္ဂလိပ်ဘာသာ "Always Prepared" မှ မြန်မာမှုပြုထားခြင်း ဖြစ်သည်။ မည်သည့်အရေးပေါ်ကိစ္စတာဝန်မဆို ဖြတ်ထိုးဉာဏ်ဖြင့်လျင်မြန်ဖျက်လတ်စွာ ဖြေရှင်းဆောင်ရွက်ရမည်ကို ဆိုလိုပါသည်။ သို့ဖြစ်ရာ မိမိတို့မြန်မာနိုင်ငံသူနိုင်ငံသား လူငယ်လူရွယ်တို့ကို မိမိတို့ အမျှော်လင့်ကြီးမျှော်လင့်ထားသော အနာဂတ်၏ အဖိုးမဖြတ်နိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးမွန်ရတနာလေးများအဖြစ်မှ မကြာမီသောကာလမှာပင် မွေးဖွားပြုစုပျိုးထောင်နိုင်သည့် အခြေအနေကောင်းရရှိတော့မည် ဖြစ်ပါသည်။ ထို့ကြောင့် ရှင်သန်နိုးထလာမည့် ပြည်ထောင်စုမြန်မာနိုင်ငံကင်းထောက်အသင်းကြီးအား "အစဉ်အသင့်" ဟူသော ၎င်းတို့၏ ဆောင်ပုဒ်ဖြင့် ဟစ်ကြွေးကြိုဆိုလိုက်ရပါသည်။ ။

**ကိုးကား-ကင်းထောက်မိတ်ဆက်(တင်နိုင်တိုး)။**

## ကံ့ကော်တစ်ထောင်ဘုရားတွင် ရာပြည့်ပူဇော်ပွဲကျင်းပမည်

**ဘိုကလေး ဇန်နဝါရီ ၈**

ဘိုကလေးမြို့နယ်ရှိ ကံ့ကော်တစ်ထောင်ဘုရားရှင်များအား (၂၅)နှစ်ပြည့် ငွေရတုပူဇော်ပွဲနှင့် အဂ္ဂမဟာသဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသ ဆရာတော်၏ (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့မင်္ဂလာပွဲ နှစ်ခုပေါင်းကာ ရာပြည့်ပူဇော်ပွဲကို ခုနစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရာပြည့်ပူဇော်ပွဲတွင် ရှင် ၁၀၀ ပြုပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သင်္ကြီးပူဇော်ပွဲ၊ နိဗ္ဗာန်ဈေးပွဲတော်များနှင့် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ သီလရှင်အပါး ၁၀၀ ဝတ်ရွတ်ပွဲ၊ အသက် (၈၀) အထက် ဘိုးဘွား ၁၀၀ အား ပူဇော်ကန်တော့ပွဲများကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရာပြည့်ပွဲတော်ကျင်းပရေးအတွက် ကုန်ကျငွေသိန်း ၇၀၀ နီးပါး ကုန်ကျနိုင်မည်ဟု ခန့်မှန်းထားပြီး ကံ့ကော်တစ်ထောင်ဘုရားမှာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် တည်ရှိပြီး ၎င်းပွဲ လှူဒါန်းလိုသူများအနေဖြင့် ဖုန်း ၀၉-၈၅၉၁၁၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ လက်ရှိတွင်လည်း ကေလာသဆရာတော်အနေဖြင့် အခမဲ့ဆေးခန်းများ ဖွင့်လှစ်ထားပေးခြင်း၊ အခမဲ့မျက်စိဆေးခန်း ဖွင့်ပေးခြင်း၊ ကျောင်းဆက်လက်တက်ရန် အခက်အခဲရှိသူများကိုလည်း စာသင်ကြားနိုင်ရန် ထောက်ပံ့ပေးခြင်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**(ငွေးအောင်)**

## ဝက်သက်နှင့် ဂျိုက်သိုးရောဂါအသိပေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီသော်နှင့် ကျန်းမာရေးဝန်ထမ်းများသည် ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက အထက(၁) ဗဟန်း မိုးဦးပန်းခန်းမ၌ ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်မေယဉ်နွဲ့နှင့် မြို့နယ်တွင်းရှိ ကျောင်းအုပ်ဆရာဆရာမများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကျောင်းများအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းစီမံချက်အား အသိပေးဆွေးနွေးခဲ့သည်။

ထို့နောက် တာဝန်ကျကျန်းမာရေးဝန်ထမ်းများနှင့် ကျောင်းအလိုက် ဆရာ ဆရာမများက ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်များအား ဆက်လက်မေးမြန်းဆွေးနွေးခဲ့ကြပြီး ဇန်နဝါရီလအတွင်း ကျောင်းများအားလုံးသို့ ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

**သန္တာမေ(iprd)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**





# နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ဦးထိပ်ပန်ဆင် ကင်းထောက်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကင်းထောက်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ရမည်းသင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကင်းထောက်ကြီးများနှင့် ကင်းထောက်လူငယ်မောင်မယ်များ၊ ဆရာဆရာမများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်၊ ကင်းထောက်ကြီး ဦးညဏ်ထွန်းဦးနှင့် အမျိုးသမီးကင်းထောက်ချုပ် ဒေါ်တင်လှကြည်တို့က ကင်းထောက်အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အဆောက်အအုံ ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကင်းထောက်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ကိုလိုနီလက်အောက်ကာလဖြစ်သည့် ၁၈၈၇ ခုနှစ်တွင် ရမည်းသင်းခရိုင်ကို ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး စသည့် မြို့နယ်ငါးခုဖြင့် ခရိုင်ဖွဲ့ခဲ့ပါကြောင်း၊ ယင်းအချိန်အခါက တပ်ကုန်းမြို့နှင့် ပျော်ဘွယ်မြို့တို့တွင် အထက်တန်းကျောင်းမရှိ၍ ရမည်းသင်းအထက်တန်းကျောင်းတွင် ကျောင်းလာတက်ကြရပါကြောင်း၊ ထိုကျောင်းတွင် ကင်းထောက်အဖွဲ့ကို ဖွဲ့စည်းပြီး လူငယ်များကို ပြုစုပျိုးထောင်ပေးခဲ့ပါကြောင်း၊ ကင်းထောက်အဖွဲ့ ဖွဲ့စည်းပြီးသည့်အခါ ကင်းထောက်ပညာရပ်များ သင်ကြားပေးနိုင်ရန်အတွက် ကင်းထောက်အဆောက်အအုံကို ကျောင်းအုပ်ဆရာကြီး ဦးစီးကာ ယခုနေရာတွင် ၁၉၃၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဆောက်လုပ်ခဲ့ပါကြောင်း၊ ထိုအဆောက်အအုံတွင် ဆရာများက ကင်းထောက်များကို ပြုစုပျိုးထောင်ပေးခဲ့ရာတွင် စာဖတ်ခြင်း၊ အားကစားလေ့ကျင့်ခြင်းနှင့် ပရဟိတလုပ်ငန်းများကို စိတ်ဝင်စားပြီး အများအကျိုးဆောင်ရွက်လိုသော စိတ်ဓာတ်များ ခိုင်မာလာစေရန် သင်တန်းပို့ချပေးနိုင်ခဲ့ပါကြောင်း။

အဆိုပါ ကင်းထောက်အဆောက်အအုံသည် နှစ်ကာလကြာလာသည်နှင့်အမျှ ပျက်စီးယိုယွင်းခြင်းများ ရှိခဲ့ခြင်းကြောင့် ယခုအခါ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအဆောက်အအုံ၏ သက်တမ်းသည် ယနေ့ဆိုပါက (၈၁) နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ပြီး အသစ်တစ်ဖန် ပြန်လည်ဖွင့်လှစ်သည့်နေ့ဖြစ်ခြင်းကြောင့် ယနေ့အခမ်းအနားသည် ရမည်းသင်းခရိုင်ရှိ လူငယ်များအတွက် အကျိုးကျေးဇူးကြီးမားသည့် နေ့တစ်နေ့ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

ကင်းထောက်သမိုင်းကို ပြန်ကြည့်လျှင် ဗြိတိန်နိုင်ငံသား ဗိုလ်မှူးကြီး လော့ဒ် ရောဘတ်ဘာဒန် ပိုဝဲလ်က ၁၉၀၇ ခုနှစ်တွင် လူ ၂၀ ဖြင့် ကင်းထောက်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါကင်းထောက်အဖွဲ့သည် ရည်ရွယ်ချက်၊ စေတနာနှင့် လုပ်နည်းလုပ်ဟန် ကောင်းမွန်သည့်အတွက် လျင်မြန်စွာ ရေပန်းစားလာပြီး အမေရိကန်၊ အီတလီ၊ ဂျာမနီတို့အပြင် အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီနယ်ပယ်များတွင်လည်း ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ၁၉၂၀ ပြည့်နှစ်၌ ကင်းထောက်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်ရေးရပြီးသည့်နောက် ၁၉၄၈ ခုနစ်မှ ၁၉၆၂ ခုနစ်အထိ ကင်းထောက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခဲ့ပါကြောင်း၊ ထိုအချိန်က နိုင်ငံတော်အကြီးအကဲများဖြစ်ကြသည့် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်များကိုယ်တိုင် ကင်းထောက်အဖွဲ့တွင် အကြီးအကဲများအဖြစ် ဂုဏ်ပြုချီးမြှင့်ထမ်းဆောင်ခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့နိုင်ပါကြောင်း။

၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ကင်းထောက်လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပါကြောင်း၊ ယင်းသို့ ရပ်ဆိုင်းနေရာမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လူငယ်ထုအပေါ် အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုများကြောင့် မြန်မာ့ကင်းထောက်အဖွဲ့ကို နိုင်ငံတကာ ကင်းထောက်ကျင့်ထုံးများနှင့်အညီ ပြန်လည်ဖွဲ့စည်းပြီး ကင်းထောက်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်လာခြင်း ဖြစ်ပါကြောင်း။

ကင်းထောက်လုပ်ငန်းဟူသည်မှာ နိုင်ငံရေး၊ စစ်ရေး မစွက်ဖက်သည့် မွန်မြတ်သော နိုင်ငံ့သားကောင်း ပြုစုပျိုးထောင်ရေးလုပ်ငန်း သက်သက်ဖြစ်ပါကြောင်း၊ ထို့အတွက် ကင်းထောက်ဆောင်ပုဒ်သည် "(Be Prepared) အဆင်သင့် သူတစ်ပါးကို ကူညီဖို့ အသင့်ရှိရမည်"ဟု ဖော်ညွှန်းထားပါကြောင်း၊ မွန်မြတ်သောလုပ်ငန်းကို ဆောင်ရွက်ကြသည့် ကင်းထောက်မောင်မယ်များသည် မိမိတို့ကိုယ်တိုင် ကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရေး၊ နိုင်ငံတော်ကို ချစ်မြတ်နိုးပြီး သစ္စာစောင့်သိရေး၊ လူမှုရေးကိစ္စများတွင် ပရဟိတစိတ်ဓာတ်ဖြင့် ကူညီရေး စသည့် အခြေခံကောင်းများကို မိမိတို့၏ စိတ်သန္တာန်တွင် စွဲမြဲနေကြရမည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ကင်းထောက်မောင်မယ်များ အနေဖြင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ဦးထိပ်ပန်ဆင်ကာ ကင်းထောက်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားခြင်းဖြင့် မိမိကိုယ်ကို ကောင်းအောင်ကြိုးစားခြင်း၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားခြင်းတို့ကို ကိုင်စွဲသွားကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ကာလများကို ပြန်ကြည့်ပါက အထိုက်အလျောက် တိုးတက်လာသည်များရှိသကဲ့သို့ မတိုးတက်သည်များလည်း ရှိနေပါသေးကြောင်း၊ ယင်းတို့ကိုလည်း မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါကြောင်း၊ မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ဆက်စပ်နေသည့် အကြောင်းအရာတစ်ခုမှာ လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်စေရေး အခန်းကဏ္ဍဖြစ်ပါကြောင်း၊ ထို့အတူ ကင်းထောက်လူငယ် မောင်မယ်များ၏ အခန်းကဏ္ဍ မြင့်မားလာစေရန်လည်း လိုပါကြောင်း၊ ယင်းအချက်ကို နိုင်ငံတော်သမ္မတအနေဖြင့် အလေးထားကာ ပို၍ ပို၍ အင်အားကောင်းသည့် ကင်းထောက်လူငယ်မောင်မယ်များကို မွေးထုတ်ပေးလျက်ရှိနေသည်ကို တင်ပြအပ်ပါကြောင်း၊ ယခုနှစ်တွင် တစ်တိုင်းပြည်လုံး၌ ကင်းထောက်လူငယ်မောင်မယ်ဦးရေ တစ်သိန်းခန့်အထိ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို တင်ပြလိုပါကြောင်း၊ အလားတူပင် စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးနေသည့် ကင်းထောက်ဟောင်းကြီးများ၊ ကင်းထောက်ချုပ်၊ ကင်းထောက်မယ်ကြီးများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အဖွဲ့အစည်းအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့်နေရာတွင် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ လူငယ်များ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အလွန်အလေးထားဆောင်ရွက်နေပါကြောင်း၊ လူငယ်များအနေဖြင့်လည်း ဤသို့ ကောင်းမွန်သည့် အဖွဲ့အစည်းမှသည် တစ်နေ့တွင် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်၊ နိုင်ငံ့သားကောင်းများပါဝင်တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်ကြီး ပိုမိုကောင်းမွန်လာစေရန် မိမိတို့ အထူးအလေးထားနေသကဲ့သို့ ပါဝင်သည့် လူငယ်များအနေဖြင့်လည်း သက်ဆိုင်ရာ မိဘ၊ ဆရာများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ကင်းထောက်ကြီး ဦးညဏ်ထွန်းဦးက ကင်းထောက်ဆိုင်ရာ ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များမှ ကင်းထောက်လူငယ်မောင်မယ်လေးများက နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကင်းထောက်ကတိ သစ္စာဆိုခြင်းများကို ပြုလုပ်ကြသည်။

ဆက်လက်၍ တဲကြီးထိုး သရုပ်ပြကွက်ကို ပျော်ဘွယ်မြို့နယ် ကင်းထောက်လူငယ်မောင်မယ်များက လည်းကောင်း၊ တဲလေးထိုး သရုပ်ပြကွက်နှင့် ကင်းထောက် ကြိုးချည်သရုပ်ပြကွက်ကို ရမည်းသင်းမြို့နယ် ကင်းထောက်လူငယ်မောင်မယ်များကလည်းကောင်း တင်ဆက်ပြသကြသည်။**(အပေါ်ဝဲပုံ)**

ထို့အတူ ပျော်ဘွယ်နှင့်ရမည်းသင်းမြို့နယ်များမှ ကင်းထောက်လူငယ်မောင်မယ်များပူးပေါင်းကာ အခြေခံရှေးဦးသူနာပြု သရုပ်ပြကွက်များ၊ ကင်းထောက်ကြိုးချည်နည်းများနှင့် ဂူလီနှင့် အာရက် တေးသီချင်းများကို တေးသရုပ်ဖော် တင်ဆက်ကပြကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ခရီးသည်များမှ ယာဉ်လိုင်းများသို့တိုင်ကြားမှု ၂၀၁၃ ခုနှစ်ထက် ၂၀၁၄ ခုနှစ်တွင် ပိုမိုများပြား

**ရန်ကုန် ဇန်နဝါရီ ၈**

ခရီးသည်များမှ ယာဉ်လိုင်းများသို့ တိုင်ကြားလာမှု အခြေအနေမှာ ၂၀၁၃ ခုနှစ်ကထက် ၂၀၁၄ ခုနှစ်တွင် ပိုမိုများပြားကြောင်း မထသ(ဗဟို)ရှိ စာရင်းများအရ သိရသည်။

၂၀၁၃ ခုနှစ် တစ်နှစ်တာအတွင်းတွင် တိုင်ကြားမှုပေါင်း ၃၃၀ မှုရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ် တစ်နှစ်တာတွင် တိုင်ကြားမှုပေါင်း ၁၄၈၅ မှု ရှိခဲ့ပြီး တယ်လီဖုန်း၊ စာ၊ လူကိုယ်တိုင်၊ ဝက်ဘ်ဆိုက်နှင့် အီးမေးလ်တို့မှ တိုင်ကြားမှုများ ပါဝင်နေကြောင်းသိရသည်။ "တိုင်ကြားမှုပေါင်း ၁၄၈၅ မှုထဲမှာ ယာဉ်စီးခပိုတောင်းတာက ၈၉၀ မှုနဲ့ မချေမငံရိုင်းပျစွာ ဆက်ဆံလို့ တိုင်တဲ့အမှုက ၂၅၅ မှု အများဆုံး တိုင်လာတဲ့ အမှုတွေပဲဖြစ်ပါတယ်" ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

ထိုတိုင်ကြားမှုများအပေါ် စစ်ဆေးဆောင်ရွက်ကာ အရေးယူခဲ့ပြီး မည်ကဲ့သို့ အရေးယူလိုက်ကြောင်းကို တိုင်ကြားသူထံသို့ ပြန်လည်ကာ ဆက်သွယ်အကြောင်းကြားပေးလျက်ရှိကြောင်း၊ ထိုတိုင်ကြားလာမှုများအပေါ် စိစစ်ရာတွင် မှန်ကန်သည့် တိုင်ကြားမှုဖြစ်ပါက စည်းကမ်းဖောက်သော ယာဉ်လုပ်သားကို အချက် ၁၃၈ ချက်တွင် ထည့်သွင်းထားသည့်ပြစ်ဒဏ်များနှင့် အညီ အရေးယူရန် မထသ(ဗဟို)သို့ ခေါ်ယူဆောင်ရွက်ခဲ့ကြောင်း၊ အရေးယူရန် ခေါ်ယူရာတွင် လာရောက်ရန် ပျက်ကွက်သည့် ယာဉ်လုပ်သားများကို မထသ(ဗဟို)၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော ယာဉ်လိုင်းများ၌ လုပ်ကိုင်ခွင့်ပိတ်သိမ်းကာ ထုတ်ပယ်အပြစ်ပေးခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆ ဖြစ်စဉ်များတွင် ကျူးလွန်ပါဝင်ခြင်းကြောင့် လည်းကောင်း၊ အရေးယူရန်ဖိတ်ခေါ်ရာတွင် ပျက်ကွက်သည့် ယာဉ်လုပ်သားများကို ထုတ်ပယ်၍ အရေးယူခဲ့ရာတွင် လည်းကောင်း ၂၀၁၄ ခုနှစ်အတွင်း ၃၇၉ ဦး ရှိခဲ့ကြောင်း သိရသည်။

ယခုနောက်ပိုင်းတွင် မြို့တွင်းယာဉ်လိုင်းများ၌ မီနီဘတ်စ်ယာဉ်များကို တွင်တွင်ကျယ်ကျယ် တွေ့လာရသော်လည်း ယာဉ်စီးခအနေဖြင့် အတက်အဆင်း ငွေကျပ် ၂၀၀ တောင်းယူခြင်း၊ ခရီးစဉ်ဝေးပါက ကျပ် ၃၀၀ မှ ၅၀၀ အကြား တောင်းယူခြင်း၊ ခေါင်းခန်း ၅၀၀ ကျပ် တောင်းယူခြင်းတို့မှာ မကြာခဏ ရှိလာပြီး မထသမှစည်းကမ်းချထားသည့် ခရီးစဉ်တစ်ပိုင်းလျှင် ငွေကျပ် ၅၀ ကျပ်နှုန်းကောက်ခံမှုမှာ မရှိသလောက်ရှားလာခြင်းကို မကြာခဏ ကြုံတွေ့သူများ ရှိလာသော်လည်း မိမိ၏တိုင်ကြားမှုသည် ယာဉ်လုပ်သားများ၏ စားဝတ်နေရေးကို ဖျက်ဆီးပစ်သလို ဖြစ်မည်ကို စိုးရိမ်၍ မတိုင်ကြားဘဲနေသူမှာ အများအပြား ရှိကြောင်း သိရသည်။

"သိပ်လွန်လာရင်တော့ တိုင်ရမှာပဲ။ တစ်ဖက်ကနေကြည့်တော့လည်း ကိုယ့်ကြောင့် သူများထမင်းအိုး ရိုက်ခွဲသလိုမျိုးဖြစ်မှာလည်း စိုးမိတယ်"ဟု ယာဉ်စီးခပိုတောင်းမှုကို မကြာခဏ ကြုံရသူတစ်ဦးက ပြောသည်။


**ထက်ခိုင်(စမ်းချောင်း)**

## ခြိမ်းခြောက်ငွေတောင်းခံလုယက်သူအား ဝိုင်းဝန်းဖမ်းဆီးပေးခဲ့သည့်သူများအား ဂုဏ်ပြုပွဲကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၈**

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ဈေးကြီးတောင်ပေါ်တန်းရပ် အမှတ် (၁၂) နေအိမ်သို့ ဇန်နဝါရီ ၃ ရက် ညနေပိုင်းက ပစ္စတိုသေနတ်ပစ် ဖောက်ခြိမ်းခြောက်ကာ ငွေတောင်းခံလုယက်သူအား အသက်ကိုပဓာနမထားဘဲ စွမ်းစွမ်းတမံ ဝိုင်းဝန်းဖမ်းဆီးပေးခဲ့သော အိမ်ရှင်မိသားစုနှင့် အိမ်နီးချင်းတို့အား ဂုဏ်ပြုသည့် အခမ်းအနားကို မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ရွှေမြိုင်ခန်းမ၌ ဇန်နဝါရီ ၆ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသန်းတင်က ချီးကျူးဂုဏ်ပြုအမှာစကားပြောကြားပြီး မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းက လုယက်ငွေတောင်းခံသူကို စွမ်းစွမ်းတမံ ဖမ်းဆီးပေးခဲ့သူ အိမ်ရှင်ဒေါ်ရင်မြပါ လေးဦးတို့အား တစ်ဦးလျှင်ငွေကျပ် နှစ်သိန်းစီနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**



## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတဦးသိန်းစိန် ဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

● စာမျက်နှာ ၃ မှ

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံမှာ ပညာရေးပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ အသေးစိတ်တွက်ချက်စီမံဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဝန်ထမ်းများ၏ ကျန်းမာရေး၊ နေထိုင်ရေးနှင့် သားသမီးများ၏ ပညာရေးတို့အတွက် စနစ်တကျစီမံဆောင် ရွက်လျက်ရှိပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးသည် တရားဥပဒေစိုးမိုးရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် အဓိကကျသည့်အတွက် ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဖြူးချောင်းရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်ခဲ့ကြသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်၊ ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့က ရေလှောင်တမံနှင့်ရေလွှဲဆည်ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ရေလွှဲဆည်ဖွင့်ပွဲကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဖြူးချောင်းရေလှောင်တမံရှုရပ်သို့ရောက်ရှိပြီး တမံရှုရပ်မှ ရေလှောင်တမံနှင့်ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ရှင်းလင်းဆောင်၌ နိုင်ငံတော်သမ္မတအား ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က ရေလှောင်တမံနှင့်စပ်လျဉ်းသည့် စီမံကိန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆည်တည်ဆောက်ပြီးသော်လည်း ထိန်းသိမ်းခြင်း



ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် တပ်ဆင်ထားသည့် ဓာတ်အားပေးစက်များကို တွေ့ရစဉ်။

(သတင်းစဉ်)

လုပ်ငန်းများနှင့် မပြီးပြတ်သေးသည့်ကျန်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ ရေကိုအလေအလွင့် အလဟဿမဖြစ်အောင် ထိန်းသိမ်းရန်နှင့် တောင်သူလယ်သမားများစိုက်ပျိုးရေးအတွက် ရေလိုအပ်ချိန်တွင် အချိန်ကိုက်ပေးနိုင်ရန် ကြီးကြပ်ထိန်းသိမ်းမှုအပိုင်းကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက်ကိုလည်း ကြိုတင်တွက်ချက် ပြင်ဆင်ကာကွယ်မှုများ ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးက စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ် အကောင်အထည်ဖော်မှုစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေလှောင်တမံဖွင့်ပွဲကမ္ပည်းကျောက်စာတိုင်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကမ္ပည်းကျောက်စာတိုင်အား စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူတစ်ဦးက စက်ရုံထိန်းချုပ်မောင်းနှင်ခန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက သိလိုသည်များကို မေးမြန်းပြီး အားပေးစကားပြောကြားသည်။

ယခုဖွင့်လှစ်သည့် ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ၁၉၆၄ ခုနှစ်တွင် စစ်တောင်းမြစ်ဝှမ်းအတွင်းရှိ မြစ်ချောင်းများပေါ်တွင် ရေလှောင်တမံများတည်ဆောက်၍ ရေအားလျှပ်စစ်ထုတ်ယူခြင်း၊ ဆည်ရေပေးဝေခြင်း၊ ရေလွှမ်းမိုးမှုမှ ကာကွယ်ခြင်း ဘက်စုံစီမံကိန်းများ အစီရင်ခံပြုစုတင်ပြခဲ့သည့် လုပ်ငန်းများအနက် ပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်သည်။ စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုင်းတာခဲ့သည့် စီမံကိန်း ၁၁ ခုရှိရာ တည်ဆောက်ပြီးစီမံကိန်းမှာ ကိုးခုရှိပြီး တည်ဆောက်ဆဲတစ်ခု၊ တည်ဆောက်ရန် တစ်ခုကျန်ရှိကြောင်း သိရသည်။ ထိုစီမံကိန်းအားလုံးပြီးစီးပါက လျှပ်စစ်ဓာတ်အားစုစုပေါင်း မဂ္ဂါဝပ် ၁၀၇၀ ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအနက်တစ်ခုအပါအဝင်ဖြစ်သည့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမိုင်တိုင် ၁၁၄ ၏ အနောက်ဘက် ၅ မိုင်ခန့်အကွာတွင် တည်ရှိပြီး အလျားပေ ၁၀၂၀၊ အမြင့် ၂၄၅ ပေရှိ ဇုန်အမျိုးအစား ကျောက်ဖြည့်တမံတစ်ခုဖြစ်သည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ လယ်မြေဧက ၉၀၀၀၀ ခန့်အား စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး တပ်ဆင်အင်အား ၂၀ မဂ္ဂါဝပ် နှစ်လုံးဖြင့် ရေအားလျှပ်စစ် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်း ၁၂၀ ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီး အုတ်တွင်းမြို့နယ်ရှိ ခပေါင်းဆည်ရေသောက် ရေလျှံကျေးရွာမှ အဆင့်မြင့်စက်မှုလယ်ယာမြေ ၁၀၃ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တက်ရောက်လာသည့် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများပေးအပ်သည်။

နိုင်ငံတော်သမ္မတသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ် (၁၅၂) မိုင်တွင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက နိုင်ငံတော်သမ္မတအား ကြိုဆိုနှုတ်ဆက်ကြရာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များကလည်း ရင်းရင်းနှီးနှီးပြန်လည်နှုတ်ဆက်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မိုင်တိုင်အမှတ် (၁၅၂)မိုင်တွင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြစဉ်။

(သတင်းစဉ်)

# ဖြူးချောင်းရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနား



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဖြူးချောင်းရေလှောင်တမံတို့အား တွေ့ရစဉ်။







နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အုတ်တွင်းမြို့နယ်ရှိ ခပေါင်းဆည်ရေသောက် ရေလျှံကျေးရွာမှ အဆင့်မြင့်စက်မှုလယ်ယာ ၁၀၃ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။(အောက်ပုံ) နှင့် တက်ရောက်လာသည့်တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(အပေါ်ပုံ)

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဂုဏ်ပြုခံသက်ကြီးအဘိုးအဘွားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်



**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နိုင်ငံတော်၏ သက်ကြီးဝါကြီး ဂုဏ်ပြုခံပုဂ္ဂိုလ် အသက်(၁၀၀)နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများအား နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်းစုဆောင်းငွေမှ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ချီးမြှင့်ထောက်ပံ့ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အောင်ပွဲ အထိမ်းအမှတ်အနေဖြင့် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် နိုင်ငံတော်သမ္မတက တစ်နိုင်ငံလုံးတွင်ရှိသည့် အသက်(၁၀၀)နှစ်နှင့်အထက် အဘိုး ၁၈၂ ဦး၊ အဘွား ၄၂၁ ဦး စုစုပေါင်း ၆၀၃ ဦးတို့ကို နိုင်ငံတော်၏ သက်ကြီးဝါကြီး ဂုဏ်ပြုခံပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်းစုဆောင်းထားရှိသော ရန်ပုံငွေမှ ထောက်ပံ့ငွေများကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်းဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ အသက်(၁၀၀)နှစ်နှင့်အထက် အဘိုး ခုနစ်ဦး၊ အဘွား ၁၃ဦး စုစုပေါင်း ၂၀ ရှိကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် နောင်နှစ်များတွင်လည်း အဘိုးအဘွားများအား အသက်(၁၀၀) ပြည့်မြောက်လျှင် ဆက်လက်ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ အသက်(၁၀၀)နှစ်ပြည့်ပြီးသည့် အဘိုးအဘွားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများကိုလည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သီးခြားအစီအစဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သက်ကြီးဝါကြီးဂုဏ်ပြုခံအဘိုးအဘွားများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ အခမဲ့ ကျန်းမာရေးစစ်ဆေးခြင်းနှင့်ဆေးကုသခြင်းစသည့်ကျန်းမာရေး ကူညီစောင့်ရှောက်မှုများ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်တို့က အသက် (၁၀၉) နှစ်ရှိအဘွား ဒေါ်လုံးနှင့် အသက် (၁၀၆) နှစ်ရှိ အဘိုး ဦးညွန့်တို့အား နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ထောက်ပံ့ငွေကျပ် နှစ်သိန်းစီ၊ လှူဖွယ်ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်လက်ဆောင်ပစ္စည်းများကို ချီးမြှင့်ထောက်ပံ့ပေးသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ထောက်ပံ့ငွေများ၊ လှူဖွယ်ဆေးဝါးနှင့် အဝတ်အထည်လက်ဆောင်ပစ္စည်းများကို ချီးမြှင့်ထောက်ပံ့ကြသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အဘိုးအဘွားများအတွက် အဝတ်အထည်နှင့်အသုံးအဆောင်ပစ္စည်းများကို တာဝန်ရှိသူများနှင့်ဇနီးများက ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဇမ္ဗူသီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များက အဘိုးအဘွားများအတွက်ဆေးဝါးများနှင့် အာဟာရဖြည့်စွက်စာများကို လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ကန်တော့ခံ အဘိုးအဘွားများကိုယ်စား အသက် (၁၀၄) နှစ်ရှိ အဘိုး ဦးစံလှကျော်က ချီးမြှင့်ထောက်ပံ့ လှူဒါန်းမှုများအတွက် ဆုတောင်းစကား ပြန်လည်ပြောကြားကာ တက်ရောက်လာကြသူများက အဘိုးအဘွားများကို ဂါရဝပြုကန်တော့ခဲ့ကြပြီး အာဟာရဒါနအဖြစ် စားသောက်ဖွယ်ရာများ ဧည့်ခံကျွေးမွေးခဲ့သည်။

ယနေ့ ဂုဏ်ပြုချီးမြှင့်သည့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အသက် (၁၀၀) နှစ်အထက် သက်ကြီးဘိုးဘွားများမှာ ပျဉ်းမနားမြို့နယ်အတွင်း အဘိုးအဘွား ငါးဦး၊ လယ်ဝေးမြို့နယ်အတွင်း အဘိုးအဘွား ငါးဦး၊ ဒက္ခိဏသီရိမြို့နယ်အတွင်း အဘိုးအဘွား လေးဦး၊ ဇမ္ဗူသီရိမြို့နယ်အတွင်း အဘိုးအဘွား နှစ်ဦး၊ ဥတ္တရသီရိမြို့နယ်အတွင်း အဘိုး တစ်ဦး၊ ပုဗ္ဗသီရိမြို့နယ်အတွင်း အဘွား တစ်ဦး၊ တပ်ကုန်းမြို့နယ်အတွင်း အဘိုးအဘွား နှစ်ဦး စုစုပေါင်း အဘိုး ခုနစ်ဦး၊ အဘွား ၁၃ ဦး စုစုပေါင်း အဘိုးအဘွား ၂၀ ဦး တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငွေစုဆောင်းသည့်စနစ်သည် ငွေစုဆောင်းသူတစ်ဦးချင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ ကောင်းမွန်သည့် အစဉ်အလာကောင်းတစ်ခုဖြစ်

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ် Myanmar Provident Fund(MPF) အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**



အဆိုပါအစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ ဒေါက်တာ လင်းအောင်၊ ဒေါ်လှဲ့လှဲ့သိန်း၊ ဒေါက်တာဝင်းမြင့်၊ ဒေါ်ဝင်းမော်ထွန်း၊ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ငွေစုဆောင်းသည့်စနစ်သည် ငွေစုဆောင်းသူ တစ်ဦးချင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ ကောင်းမွန်သည့် အစဉ်အလာကောင်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ် အကောင်အထည်ဖော်ခြင်းသည် မိမိတို့နိုင်ငံတွင် ပထမဦးဆုံးအကြိမ် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆွေးနွေးတိုင်ပင်ပြီး ဆောင်ရွက်သင့်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေတစ်ရပ် မဖြစ်မနေရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သောကြောင့် ဥပဒေကြမ်းတစ်ရပ်ကို ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ထို့အတူ မိမိတို့နိုင်ငံ၌ MPF စနစ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီး ဝန်ထမ်းများ၏ ကိုယ်ပိုင်အိမ်ရာပိုင်ဆိုင်ရေး၊ ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ဥပဒေရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သကဲ့သို့ ပြုပြင်ရန်လိုအပ်သည့်စနစ်များကိုလည်း ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်း။

MPF စနစ်ထူထောင်ရခြင်း၏ ရည်ရွယ်ချက်တွင် ကျန်းမာရေးကဏ္ဍပါဝင်သော်လည်း ယခုအချိန်၌ ကျန်းမာရေးကဏ္ဍတွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိပြီး ရေရှည်တွင် အာမခံစနစ်ဖြင့် ဆောင်ရွက်သင့်သည့်အခါ MPF စနစ်အတွင်း ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လက်ရှိပင်စင်စနစ်၊ လူမှုဖူလုံရေးစနစ်များကို MPF စနစ်ဖြင့် ဘက်စုံလွှမ်းခြုံနိုင်အောင်မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို အသေးစိတ်ဆွေးနွေးရန် လိုအပ်ပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ်အကောင်အထည်ဖော်နိုင်ရန် တိကျမှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူတွက်ချက်ပြီးဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ကောင်းမွန်သည့်အစီအစဉ်တစ်ခုဖြစ်ပေါ်လာမည်ဟုမျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဝင်များနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ နိုင်ငံတကာအတွေ့အကြုံများ၊ ဝန်ထမ်းအိမ်ရာစီမံကိန်းဆိုင်ရာများ၊ ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ၊ လူမှုဖူလုံရေးဆိုင်ရာများ၊ ဥပဒေဆိုင်ရာများနှင့် လိုအပ်ချက်များကို အသီးသီး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး မြန်မာနိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ်အကောင်အထည်ဖော်ခြင်းသည် လုပ်သင့်လုပ်ထိုက်သည့် အလုပ်တစ်ခုဖြစ်သောကြောင့် အားလုံးပူးပေါင်းပါဝင်၍ ဆွေးနွေးညှိနှိုင်းပြီးကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သင့် ပါကြောင်း ဖြင့်ပြောကြားသည်။

**(သတင်းစဉ်)**

## ❖ ကချင်ပြည်နယ်နေ့မှ

မနောပွဲတော်ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က "မနောပွဲတော်ဟာ သမိုင်းအစဉ်အလာကြီးမားသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ မနောအကသည် ကချင်ရိုးရာအကများထဲတွင် အဆင့်မြင့်ဆုံးအကဖြစ်ကြောင်း၊ မနောပွဲကျင်းပရသည့်မူရင်းအဓိပ္ပာယ်မှာ ဆွေမျိုးသားချင်းများပြန်လည် စုစည်း၍ တစ်ဦးနှင့်တစ်ဦး ဆောင်ရွက်သွားရမည့်ကိစ္စများကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ညှိနှိုင်းဆုံးဖြတ်အားသစ်ယူ၍ အားအင်စုစည်းသောပွဲဖြစ်ကြောင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း အဓိကမထား၊ ချမ်းသာကြွယ်ဝချိန်၊ ဆင်းရဲဒုက္ခရောက်ချိန် ခွဲခြားကျင်းပခြင်းမဟုတ်ဘဲ သွေးစည်းညီညွတ်မှုအားပျော့လာသည့်အခါ အင်အားစုစည်းအဖြေရှာခြင်း၊ အောင်မြင်မှုရရှိလာသည့်အခါ အောင်ပွဲခံပွဲအဖြစ်ကျင်းပခြင်းဖြစ်ကြောင်း" မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုမနောပွဲကို ရှေးနှစ်ပေါင်းများစွာက ဘိုးဘေးဒူဝါကြီးများက ၎င်းတို့၏ ဖန်ဆင်းရှင်ဟု ယုံကြည်သောမဒိုင်နတ်ကို တိုင်တည်ပူဇော်ရာတွင် ကျင်းပခဲ့ကြပြီး ခေတ်သစ်ကချင်ပြည်နယ် မနောပွဲသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့်နှစ် ဇန်နဝါရီ ၁၀ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတ စဝ်ရွှေသိုက်က ကချင်အမျိုးသားခေါင်းဆောင်များလက်ထဲသို့ ကချင်ပြည်နယ်ကို လွှဲအပ်ပေးကြောင်း အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကိုပေးအပ်သော အခမ်းအနားပြုလုပ်ပြီး ကချင်ပြည်နယ်အစိုးရကို စတင်ဖွဲ့စည်းပေးခဲ့သည်။ ထိုနေ့ကို ကချင်ပြည်နယ်နေ့အဖြစ်သတ်မှတ်ခဲ့ပြီး ဂုဏ်ပြုအထိမ်းအမှတ် မနောပွဲတော်ကို ပထမဆုံးအကြိမ်ကျင်းပခဲ့ခြင်းဖြစ်သည်။

"ကချင်ပြည်နယ်နေ့နဲ့ အထိမ်းအမှတ်မနောပွဲတော်ဟာ ခွဲခြားလို့မရပါဘူး။ ကချင်လူမျိုးတွေဟာ ရိုးသားပြီး ရောင့်ရဲတင်းတိမ်တတ်ကြပါတယ်။ ပျော်ရွှင်စွာနေထိုင်ကခုန်တတ်ကြပါတယ်။ လွတ်လပ်မှုကို အင်မတန်မှမြတ်နိုးပြီး ဖိနှိပ်ချုပ်ချယ်မှုကို ခုခံတွန်းလှန်တတ်ကြပါတယ်။ အရင်းခံကတော့ ပြည်ထောင်စုဖွား သွေးချင်းများနဲ့ ဥမကွဲသိုက်မပျက် တန်းတူညီမျှနေထိုင်လိုကြပါတယ်။ လက်ရှိပြုလုပ်ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိနိုင်ဖို့နဲ့ ကချင်ပြည်နယ်ဟာ ငြိမ်းချမ်းသာယာပြီး အကြောက်တရားကင်းစွာနဲ့ ပျော်ရွှင်စွာလုပ်ကိုင်စားသောက်နိုင်တဲ့ ပြည်နယ်ဖြစ်လာဖို့မျှော်လင့်ပါတယ်" ဟု မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလခရိလအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြောကြားသည်။

ယနေ့ကျင်းပသည့်ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်မနောပွဲတော်ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဘုန်းတော်ကြီး ပေါလ် လွမ်းဒေါင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ မျိုးနွယ်စုအကအဖွဲ့များနှင့် တက်ရောက်လာကြသော ပြည်သူများပါဝင်ကာ စုပေါင်းလူထုမနောအကများဖြင့် ပါဝင်ကြသည်။ မနောပွဲတော်ကို အကခေါင်းဆောင်များ(နောင်ရှောင်)များ ဦးဆောင်ကာ ဇန်နဝါရီ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

# လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီသတင်းထုတ်ပြန်ချက်အပေါ် ရှင်းလင်းပွဲပြုလုပ်



**နေပြည်တော် ဇန်နဝါရီ ၈**

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီ သတင်းထုတ်ပြန်ချက်အပေါ် ရှင်းလင်းပွဲကို နေပြည်တော်ရုံးအမှတ်(၁၈) နိုင်ငံတော်သမ္မတရုံး၌ ကျင်းပရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ အတွင်းရေးမှူး ဦးတင်မြင့်က လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ရှင်းလင်းပြောကြားရာတွင် အစီရင်ခံစာပါ စုစုပေါင်း အကြံပြုချက် (၄၂)ချက်ဖြစ်ပြီး ၎င်းတို့မှာ သိမ်းဆည်းမြေယာကိစ္စများနှင့်ဆိုင်သည့် အချက်(၈) ချက်၊ သဘာဝပတ်ဝန်းကျင်ကိစ္စများနှင့် ဆိုင်သည့်အချက် (၂၃)ချက်၊ လူမှုစီးပွားကိစ္စများနှင့် ဆိုင်သည့်အချက်(၉) ချက်၊ သာသနိကအဆောက်အအုံများနှင့် ဆိုင်သည့် အချက်(၂)ချက်တို့ ဖြစ်ပါကြောင်း။

သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့အတွက် (၇) ချက်ပြီးစီးပြီး ဆောင်ရွက်ဆဲ (၁)ခုမှာ မြေယာလျော်ကြေး ထောက်ပံ့ကြေးငွေများ ဆက်လက်ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်အဖွဲ့နှင့် သက်ဆိုင်သည့် (၂၃)ချက်မှ (၁၂)ချက်ပြီးစီးပြီး ကျန် (၁၁) ချက်ရေးဆွဲပြီး ဖြစ်သည်။ ESIA အစီရင်ခံစာမူကြမ်းကို ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ရေးသားအတည်ပြုနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျန်လုပ်ငန်းများမှာ စီမံကိန်းစတင်မှသာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားအပိုင်းတွင် အစီရင်ခံစာမှာပါသည့် အကြံပြုချက် (၉)ချက်မှ (၈) ချက် ဆောင်ရွက်ပြီးဖြစ်ပြီး အလုပ်အကိုင်ခန့်ထားရေးနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းရေးကိစ္စအားလုံးကို ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင်ကြားစေတီနှင့် သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းအား သာသနာတော် ထုံးတမ်းအစဉ်အလာများနှင့်အညီ မူလပုံစံအတိုင်း မူလထက် ပိုမိုကြီးမားခိုင်ခံ့၍ အများပြည်သူ ကြည်ညိုသပ္ပာယ် သဒ္ဓါပွားများနိုင်ရန်အတွက် ပြောင်းရွှေ့တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ ဖူးမြော်ရသူ ပြည်သူများအနေဖြင့် ကုသိုလ်အကျိုးထူးတရားများ တိုးပွားရရှိနေကြပြီဖြစ်ပါကြောင်း။

အကောင်အထည်ဖော်မှု အားနည်းနေသည်ဟု ပြောဆိုနေကြခြင်းသည် မဟုတ်ကြောင်း၊ ကော်မတီအနေဖြင့် ဒေသခံလူထု အဆင်ပြေရေးအတွက် အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး အစီရင်ခံစာ၏ အကြံပြုချက်များတွင် မပါဝင်သော်လည်း ဒေသခံလူထုအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပိုမိုလုပ်ကိုင်ဆောင်ရွက်ပေးနေပါကြောင်း၊ ဥပမာအားဖြင့် အစီရင်ခံစာတွင် မပါဝင်သော်လည်း အလုပ်အကိုင်ခန့်ထားရန် စောင့်ဆိုင်းဆဲကာလအတွင်း ထောက်ပံ့ကြေး "Discount Salary"ကို ဒေသခံများသို့ နှစ်စဉ်ထောက်ပံ့ကြေးအဖြစ် ခြောက်လတစ်ကြိမ် ကြိုတင်ထုတ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးနေပါကြောင်း၊ အစီရင်ခံစာ အကြံပြုချက်ပါ အမှန်တကယ်စိုက်ပျိုးလယ်မြေ ၃၉ ဒသမ ၉ ဧက၊ ယာမြေ ၅၀၁၇ ဒသမ ၁ ဧကနှင့် ဦးပိုင်မပေါက်သော်လည်း ကျူးစိုက်ထားမြေ ၁၇၂၇ ဧက စုစုပေါင်း ၆၇၈၄ ဧကကို သင့်တော်သည့် ကာလပေါက်ဈေးဖြင့် ပြန်လည်ပေးသင့်ကြောင်း အကြံပြုချက်အပေါ် ပထမအကြိမ် မြေယာလျော်ကြေး ကျပ် ၄၁၈၄၃ ဒသမ ၄၇ သိန်းပေးခဲ့ပြီး ထပ်မံ၍ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ထပ်မံထုတ်ပေးခဲ့သဖြင့် လျော်ကြေးငွေ စုစုပေါင်းကျပ် ၁၀၇၉၆၆ ဒသမ ၉၂ သိန်းကို မြေယာနစ်နာသူများသို့ ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဧရိယာအား မြေသိမ်းအက်ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၁ ခုနှစ်တွင် သိမ်းဆည်းခဲ့ပြီး သိမ်းဆည်းခံမြေများအတွက် ပထမအကြိမ် မြေယာလျော်ကြေး၊ နစ်နာကြေးများပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ လျော်ကြေးမယူသည့် လယ်ယာမြေမရှိပါကြောင်း၊ မြေသိမ်းကော်လိတ္တော်အရာရှိ (ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြေသိမ်းအက်ဥပဒေပုဒ်မ ၄(၁) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး မြေနှင့်သီးနှံလျော်ကြေးစာရင်းကို တွက်ချက်၍ ထုတ်ပေးရပါကြောင်း၊ လျော်ကြေးငွေနည်းသဖြင့် လက်ခံရယူလိုခြင်းမရှိသော မြေအကျိုးခံစားခွင့်ရှိသူ တောင်သူမှ တရားမရုံးသို့ မြေသိမ်းအက်ဥပဒေပုဒ်မ ၁၈ နှင့်အညီ လျှောက်ထားနိုင်ပါကြောင်း၊ တရားမရုံး တရားသူကြီးသည် မြေ၏ကာလပေါက်ဈေး၌ မြေကိုမဖြစ်မနေ သိမ်းယူရမည့် သဘောသဘာဝကို စဉ်းစား၍ မြေအနေအထားပေါ်မူတည်ပြီး မြေကာလပေါက်ဈေး တွက်ချက်ပေးပါကြောင်း၊ သို့သော် မြေသိမ်းဆည်းခြင်းကို ဆက်လက်ဆောင်ရွက်စေပါကြောင်း၊ မသိမ်းရဟု တရားရုံးက ဆုံးဖြတ်၍ မရပါကြောင်း။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၆ အရ မြေသိမ်းကော်လိတ္တော်အရာရှိသည် နိုင်ငံတော်စီမံကိန်းအတွက် အဆိုပါမြေကို အနှောင့်အယှက်ကင်းစွာဖြင့် လက်ရောက်ရယူနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။ ထို့ကြောင့် လျော်ကြေး ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ဥပဒေနှင့်အညီ စက်မှုမြေငှားဂရန်ရရှိထားသော စီမံကိန်းမြေသာဖြစ်ပြီး စီမံကိန်းမြေလုံခြုံရေး၊ စက်ယန္တရားများ မောင်းနှင်မှုကြောင့် လူနှင့်တိရစ္ဆာန် မထိခိုက်စေရေးတို့အတွက် ဥပဒေနှင့်အညီ ခြံစည်းရိုးကာရံခြင်း ဖြစ်ပါကြောင်း။

ဆည်တည်း-ဇီးတော၊ ဝက်မှေး-ကံတောကျေးရွာဟောင်းများနှင့် ဝန်းကျင်စိုက်ပျိုးမြေအချို့သည် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ကြေးနီစီမံကိန်းဧရိယာအတွင်း ကျရောက်ပါကြောင်း၊ ၎င်းကျေးရွာအိမ်ထောင်စုအားလုံးအား ရွာသစ်များသို့ ပြောင်းရွှေ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မူလနေအိမ်အခြေအနေ၊ အနေအထားထက် အဆင့်အတန်း ပိုမြင့်သော ရေ၊ မီး၊ လမ်း၊ ခြံစည်းရိုး၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ မူကြိုကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများ၊ အုပ်ချုပ်ရေးမှူးရုံးများ၊ မီးသတ်စခန်းများ စသည်တို့ကို တည်ဆောက်ပေးခဲ့ပြီး မူလအိမ်ဟောင်းဖျက်သိမ်းစရိတ်၊ ရွှေ့ပြောင်းစရိတ်များကိုလည်း ၎င်းတို့ဆန္ဒနှင့်အညီ ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖော်ပြပါရွာသားအချို့မှာ စီမံကိန်းအား ဖျက်ဆီးလိုသူ ပြင်ပအဖွဲ့အစည်းများနှင့် ကွန်ရက်အဖွဲ့များ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ကျန်နေခဲ့သူများသာ ဖြစ်ပါကြောင်း၊ ၎င်းတို့စိုက်ပျိုးမြေများသည်လည်း ယာယီစိုက်ပျိုးခွင့်ပြုခဲ့ခြင်းသာဖြစ်ပြီး ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ကြေးနီစီမံကိန်းနယ်မြေသာ ဖြစ်ပါကြောင်း။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဧရိယာအတွင်း ရဲတပ်ဖွဲ့ဝင်အချို့နှင့် ဒေသခံအချို့ ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးခဲ့မှုအခြေအနေနှင့်ပတ်သက်၍ရှင်းပြရမည်ဆိုပါက ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့် စီမံကိန်းနယ်မြေအတွင်း ခြံစည်းရိုးခတ်ခြင်းအတွက် လုံခြုံရေးတာဝန်ယူပေးရသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဒေသခံအချို့မှ တုတ်၊ ဓား၊ လေးခွများဖြင့် ပစ်ခတ်အကြမ်းဖက် ဟန့်တားနှောင့်ယှက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း ဒေသခံကိုးဦး ဒဏ်ရာရရှိ၍ တစ်ဦးမှာ ဒဏ်ရာရသေဆုံးခဲ့ပါကြောင်း၊ လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦး မျက်လုံးကျွတ်ထွက်ခြင်းအပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၁ ဦး ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း။

ဒေသခံများကို သွေးထိုးလှုံ့ဆော်နေကြသည့် ပြင်ပအဖွဲ့အစည်းများနှင့် ကွန်ရက်အဖွဲ့များကိုလည်း တရားစွဲဆိုထားပါကြောင်း၊ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့်သာ ဤကဲ့သို့ ကိစ္စရပ်များ ဖြစ်ပွားရခြင်း ဖြစ်ပါကြောင်း။

လက်ပံတောင်းတောင်စီမံကိန်းလုပ်ငန်းသည် မလွဲမသွေ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းကြီးဖြစ်ပါကြောင်း။

လက်ပံတောင်းတောင်စီမံကိန်းဆိုင်ရာ သဘောတူစာချုပ်ကို အသစ်ပြန်လည်ချုပ်ဆိုခဲ့ရာတွင် အကျိုးအမြတ်အပေါ် နိုင်ငံတော်မှ ၅၁ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ ၁၉ ရာခိုင်နှုန်းနှင့် မြန်မာဝမ်ပေါင်ကုမ္ပဏီမှ ၃၀ ရာခိုင်နှုန်းရရှိမှာဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းများ မစတင်မီ တည်ဆောက်ရေးကာလအတွင်း နှစ်စဉ်အမေရိကန်ဒေါ်လာ တစ်သန်းနှင့် ထုတ်လုပ်မှုကာလအတွင်း နှစ်စဉ်အသားတင်အမြတ်၏ နှစ်ရာခိုင်နှုန်း အချိုးကျ ထည့်ဝင်သုံးစွဲမည်ဖြစ်ပြီး မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ နှစ်သန်း ထည့်ဝင်သုံးစွဲသွားမှာ ဖြစ်ပါကြောင်း၊ ၎င်းအပြင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သုံးသပ်အကြံပြုချက်များအပေါ် အလေးထားပြီး နိုင်ငံတော်၏ အကျိုးစီးပွား၊ ဒေသခံလူထု၏ အလုပ်အကိုင်များရရှိရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး စသည့် အကျိုးစီးပွားနှင့် အနာဂတ်မျိုးဆက်သစ်များ၏ အကျိုးစီးပွားတို့ကို ပြည့်ဝစွာရရှိစေရန် အစီအမံများချမှတ်၍ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သတင်းမီဒီယာများမှ သိရှိလိုသည့်မေးမြန်းချက်များအပေါ် အတွင်းရေးမှူး ဦးတင်မြင့်က ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

## ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ပေးအပ်ချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်တက္ကသိုလ်၏ ၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်စာပေ ပါရဂူဘွဲ့ Doctor of Letters (Honoris Causa) နိုင်ငံ့ဂုဏ်ဆောင် စာပေပညာရှင် ခုနစ်ဦးအား ပေးအပ်ချီးမြှင့်သည့် အထူးဘွဲ့သဘင်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်အခမ်းအနား ၂၀၁၅ မှ နိုင်ငံတော်၏ ပညာရေးနယ်ပယ်နှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့မှာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa) အပ်နှင်းချီးမြှင့်ခြင်းရရှိသော ပုဂ္ဂိုလ်ခုနစ်ဦးမှာ ဆရာကြီးဦးသန်းဦး(မြန်မာနိုင်ငံပညာရေးဖောင်ဒေးရှင်းအဖွဲ့ဝင်)၊ ဦးစိုင်းအောင်ထွန်း ဒုတိယဥက္ကဋ္ဌ (ငြိမ်း)မြန်မာသမိုင်းအဖွဲ့၊ ဒေါ်ရီရီမြင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဝင်၊ ဒေါ်ကြည်ကြည်လှ (ဒုတိယဥက္ကဋ္ဌ)မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ ဦးစိန်မင်း(ဒုတိယဥက္ကဋ္ဌ) မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ ဦးတင်ညို အဖွဲ့ဝင် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ ဒေါ်နော်ဂျူးဖော ပါမောက္ခ(ဌာနမှူး) အင်္ဂလိပ်စာဌာန (ရန်ကုန်တက္ကသိုလ်) တို့ဖြစ်ကြသည်။

ရန်ကုန်တက္ကသိုလ် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းကို ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၁၉၂၁ ခုနှစ်မှ စတင်၍ ရန်ကုန်တက္ကသိုလ်အနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များကို စတင်အပ်နှင်းချီးမြှင့်ပေးခဲ့ရာ ပထမဆုံး ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ DOCTOR OF LETTERS (Honoris Cause) ဒေါက်တာဘွဲ့ကို လယ်တီဆရာတော်ဘုရားကြီးအား ဦးစွာချီးမြှင့်ပေးပြီး ၂၀၁၂ ခုနှစ်အထိ ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ ရရှိထားသူ ၁၆ ဦး ပေါ်ထွက်လာကြောင်း၊ ယခု ခုနစ်ဦးအပါအဝင် စုစုပေါင်း ၂၃ ဦးအထိ ရန်ကုန်တက္ကသိုလ်မှ ချီးမြှင့်အပ်နှင်းပေးနိုင်ကြောင်း ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူ၏ ဂုဏ်ပြုမိန့်ခွန်းမှ သိရသည်။

ယနေ့ကျင်းပသော ဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာ စာပေပညာရပ်နှင့် လူမှုဆိုင်ရာလုပ်ငန်းများကို ဘဝတစ်သက်တာ ထက်မြက်ထူးချွန်စွာ ဦးဆောင်ဦးရွက်ပြုသူများအဖြစ် ရန်ကုန်တက္ကသိုလ်၏ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ Doctor Of Letters (Honoris Causa) ကို ထိုက်ထိုက်တန်တန် အပ်နှင်းချီးမြှင့်ခွင့်ရသည့်အတွက် အမိတက္ကသိုလ်ကိုယ်စား အထူးဝမ်းမြောက်ဂုဏ်ယူရပါကြောင်း ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက အဖွင့်ဂုဏ်ပြုအမှာစကားတွင် ပြောကြားခဲ့ကြောင်း သိရသည်။

**(စောသိန်းဝင်း)**

## ၂၀၁၅ ခုနှစ် Myanmar C.P ဖလား တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာ့တင်းနစ် အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ယခုထက်ပိုမိုပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူး၍ MYANMAR C.P.LIVESTOCK CO., LTD. က အဓိကကူညီပံ့ပိုးမည့် Myanmar C.P ဖလားတင်းနစ်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၂၉ ရက်ထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၁၂) နှစ်အောက် အမျိုးသားနှင့်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် (၁၄) နှစ်အောက် အမျိုးသားနှင့်အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသက် (၁၆)နှစ် အမျိုးသားနှင့် အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်ပြီး စုစုပေါင်းပြိုင်ပွဲ ၁၁ ပွဲ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ဇန်နဝါရီ ၂၂ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုပါက အုပ်ချုပ်ရေးမှူး ဖုန်း-၀၉-၂၅၄၀၅၁၀၀၅၊ ၀၁-၃၈၁၉၉၂ တို့တွင် စုံစမ်းမေးမြန်းနိုင်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သက်တမ်းအလိုက် မျိုးဆက်သစ်လူငယ်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများ၏ လာရောက်ယှဉ်ပြိုင်သည့် ခရီးစရိတ်၊ နေထိုင်ရေးနှင့် စားသောက်ရေးအပြင် ပါဝင်ယှဉ်ပြိုင်သည့် ကလပ်အသင်းများ၏ ခရီးစရိတ်အတွက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## အချိန်အခါမဟုတ်မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ ရွေ့လျားလာသော လေအေးများနှင့်တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေနွေးများ၏ စုဆုံမှုကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**



မချိန်ငွေချမ်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၅ ရက်က တန့်ယန်းမြို့ တန့်ယန်း-မိုင်းကောင်သွားလမ်း နမ့်ပိတ်တံတားအနီးတွင် မိုင်းကောင်ကျေးရွာမှ တန့်ယန်းမြို့ဘက်သို့ အိုက်လှ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ၎င်း၏ ခါးတွင် ပတ်ထားသည့် အနက်ရောင်ခါးပတ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိသဖြင့် အိုက်လှ(၂၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူနယ်မြေခံတပ်မှ ဝိုင်းမော်မြို့နယ် မန်ဝိန်းကျေးရွာအုပ်စု ဆီနီခူးကျေးရွာ အရှေ့ဘက် ၅ မိုင်ခန့်အကွာ လိုင်ငေါ့ဘွန်တောင်ခြေတွင် ဇန်နဝါရီ ၆ ရက်က တရုတ်အမျိုးသား ၂၉ ဦးနှင့် အမျိုးသမီး ငါးဦး၊ မြန်မာအမျိုးသား လေးဦးနှင့် အမျိုးသမီး ၁၅ ဦးတို့အား တရားမဝင်သစ်များနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိမှုတွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၊ ဘိန်းစိမ်း ၃၂၆ ဒသမ ၆ ဂရမ်၊ ခတ်ပုံ ၁၃ ဒသမ ၈ ဂရမ်တို့နှင့် အတူ ဖမ်းဆီးရမိသည့် တရားခံ မချိန်ငွေချမ်း(တရုတ်နိုင်ငံသူ)အား ဝိုင်းမော်မြို့နယ် ရဲတပ်ဖွဲ့သို့ လွှဲပြောင်း ပေးအပ်သဖြင့် မချိန်ငွေချမ်း(၄၁)နှစ်အပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုစာရင်း

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဘိန်း ၃၇ မှု (အလေးချိန် ၁၀၄ ဒသမ ၀၇၄၅ ကီလို)၊ ဘိန်းဖြူ ၂၁၃ မှု(အလေးချိန် ၁ ဒသမ ၉၈၂၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၉ မှု (၁၂၀၈၇၃၈ ပြား)၊ ဖီနိုင်းပရိုပန်နုန်း တစ်မှု (၅၄၀၀ လစ်တာ)၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် သုည ဒသမ ၀၇ ကီလို၊ ဘိန်းဆီခဲ ခြောက်မှု(အလေးချိန် သုည ဒသမ ၃၂၀၃ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၉ မှု(အလေးချိန် ၁၆ ဒသမ ၁၅၅၇ ကီလို)၊ ဆေးခြောက် ၁၀ မှု (အလေးချိန် ၃ ဒသမ ၁၇၄၃ ကီလို)၊ အိုက်စ် တစ်မှု (သုည ဒသမ ၀၄၇ ကီလို)၊ ဘိန်းစာမှုန့် ငါးမှု (အလေးချိန် ၉၈ ဒသမ ၇၇ ကီလို၊) ဆိုဒီယမ်မီတယ် အလေးချိန် ငါးကီလို၊ ပိုတက်စီယမ်ကလိုရိုက် အလေးချိန် တစ်ကီလို၊ ဆိုဒီယမ်ဟိုက်ဒရောဆိုက် အလေးချိန် ၂၅ ကီလို၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၉၉၀ လစ်တာ၊ အက်စီတစ်အင်ဟိုက်ဒရိုက် ၉၉၇ ဒသမ ၅ လစ်တာ၊ ဆိုဒီယမ်ကာဗွန်နိတ် အလေးချိန် ၅၀ ကီလို၊ ဆာလဖျူရစ်အက်စစ် ၂၄၀ လစ်တာ၊ ကတ်တမင်းဆေးရည် နှစ်မှု (၃ ဒသမ ၁ လစ်တာ)၊ Midazolam ထိုးဆေး ပုလင်း ၁၆၀၀၊ ဆူဒိုအက်ဖီဒရင်း ဆေးပြား ၅၇၅၀၀၀ အခြားမှု နှစ်မှု၊ မှတ်ပုံတင်ပျက်လေးမှုတို့အား သိမ်းဆည်းရမိခဲ့ပြီး အမှုပေါင်း ၄၇၁ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၅၈၂ ဦး၊ မ ၇၉ ဦး စုစုပေါင်းတရားခံ ၆၆၁ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# တောင်တွင်းကြီးမြို့နယ်တွင် ဆိုင်ကယ်တစ်စီးတိမ်းမှောက်၍ အမျိုးသားတစ်ဦးသေဆုံး

**တောင်တွင်းကြီး ဇန်နဝါရီ ၈**

တောင်တွင်းကြီးမြို့နယ် တိုက်ပွဲရွာနှင့် ညောင်မှော်ရွာကြားကားလမ်းတွင် ဇန်နဝါရီ ၆ ရက် ည ၁၀ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သဖြင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ ဖြစ်စဉ်မှာ တိုက်ပွဲရွာနှင့် ညောင်မှော်ရွာကြား ကားလမ်းမိုင်တိုင်အမှတ် (၄/၀)နှင့် (၄/၁)ကြားတွင် ကျော်ဇင်ဦး (၂၅)နှစ် ပွြန်ဝကြီးရွာ တောင်တွင်းကြီးမြို့နယ်နေသူ မောင်းနှင်ပြီး နောက်မှ လင်းလင်း(၂၂)နှစ် ပျိုးခင်းကျေးရွာ တောင်တွင်းကြီးမြို့နယ်နေသူ လိုက်ပါလာသော ၃၅ယ/---- ကိုင်ဇာ ၁၂၅အနက်ရောင်ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် လင်းလင်းတွင် ဝဲနားထင်ပေါက်ပြဲ၊ ဝဲမျက်ခုံးပေါက်ပြဲ၊ နဖူးထိပ်ပေါက်ပြဲ(မစိုးရိမ်ရ)ဒဏ်ရာနှင့် ကျော်ဇင်ဦးတွင် ယာဘက်ရင်ဘတ်အရှည်လေးလက်မခန့်နှင့် အနက် သုံးလက်မခန့်ရှိစုတ်ပြဲဒဏ်ရာ၊ အပေါ်နှုတ်ခမ်းပေါက်ပြဲဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ကြောင်း အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းကျော်ဇင်ဦးအား တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းနယ်မြေရဲစခန်းက ယာဉ်(ပ)၁/၂၀၁၅၊ ပုဒ်မ ၃၀၄-က/၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# တိုက်ကြီး၌ မီးလောင်မှုဖြစ်

**တိုက်ကြီး ဇန်နဝါရီ ၈ -** တိုက်ကြီးမြို့နယ် ဗောဓိကုန်းရပ်ကွက် မီးသတ်လမ်းရှိ နေအိမ်ကုန်စုံဆိုင်တွင် ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်က အဆိုပါနေအိမ်ဈေးဆိုင်အောက်ထပ်၌ မတ်တပ်လျှပ်စစ်ပန်ကာ ဖွင့်ထားရာမှ အပူလွန်ကဲပြီး ဝါယာရှော့ဖြစ်၍ မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အနီးရှိ သင်အူးနီးတုံးများသို့ မီးစွဲလောင်ရာမှ ဆိုင်အတွင်းရှိ ကုန်ပစ္စည်းများနှင့် နေအိမ်သို့ကူးစက်လောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင်နှင့် မီးသတ်ယာဉ်များရောက်ရှိငြိမ်းသတ်ခဲ့၍ ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် နေအိမ်တစ်လုံးနှင့်ကုန်ပစ္စည်းများ ဆုံးရှုံးခဲ့ကြောင်းနှင့် အိမ်ရှင်ဖြစ်သူ ဦးခင်နိုင်(၆၀)နှစ်အား တိုက်ကြီးမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**(၀၄၀)**



# ကျိုက်ထီးရိုးတောင်တက်လမ်းတွင် ပီရူးနိုင်ငံသူအား အဓမ္မပြုကျင့်ပြီး လူကိုသတ်ရန်ကြံသူကို ထောင်ဒဏ် ၄၃ နှစ် ချမှတ်

**မော်လမြိုင် ဇန်နဝါရီ ၈**

ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်ခြေ တောင်တက်လမ်း၌ ရှုခင်းဓာတ်ပုံများရိုက်ကူးရင်း တစ်ဦးတည်း လမ်းလျှောက်နေသည့် ပီရူးနိုင်ငံသူ Miss Danianucia အား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲခန့်က ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာနေ ဇော်မင်းလတ်(ခ)ကုလားကြီး(၂၂)နှစ် (ကျောက်ထုလုပ်သား)က အဓမ္မပြုကျင့်ပြီး ပစ္စည်းလုပ်၊ လူကိုသတ်ရန်ကြံစည်ခဲ့သဖြင့် ကင်မွန်းချောင်း နယ်မြေရဲစခန်းက (ပ)၄၄/၂၀၁၄၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆/၃၀၇/၃၇၉ ဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က သထုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီ ၇ ရက်က သထုံခရိုင်တရားသူကြီးဦးထိန်မင်းက ပြစ်မှုကျူးလွန်သူ ဇော်မင်းလတ်(ခ)ကုလားကြီးအား ပြစ်မှုပုဒ်မ ၃၇၆ အရ ထောင်ဒဏ်တစ်သက်တစ်ကျွန်း(အနှစ် ၂၀ နှင့်ညီမျှသည်)၊ ပြစ်မှုပုဒ်မ ၃၀၇ ထောင်ဒဏ်တစ်သက်တစ်ကျွန်း(အနှစ် ၂၀ နှင့်ညီမျှသည်)၊ ပြစ်မှုပုဒ်မ ၃၇၉ အရအလုပ်ကြမ်းနှင့်ထောင်ဒဏ် သုံးနှစ်(သီးခြားစီ) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**







## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော တည်ဆောက်ရေးပစ္စည်း (ကျောက်ရွယ်စုံ၊ သဲ)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် ပစ္စည်းအသေးစိတ်စာရင်းများကို ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို လွိုင်ကော်ခရိုင် အင်ဂျင်နီယာမှူးရုံး(ဖုန်း-၀၈၃-၂၁၀၀၈) တွင် ၁၀-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်- | | ၁၆-၁-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ |
| တင်ဒါတင်သွင်းရမည့်ရက် | | |
| ရွေးချယ်မည့်ရက်/အချိန် | - | ၁၇-၁-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ |
| တင်ဒါရွေးချယ်မည့်နေရာ | - | ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အစည်းအဝေးခန်းမ။ |

တင်ဒါစိစစ်ရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
### အကျိုးတူပူးပေါင်းဆောင်ရွက်ရန်စိတ်ပါဝင်စားသော ပုဂ္ဂလိကလုပ်ငန်းရှင်များဖိတ်ခေါ်ခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်၏ဘဏ္ဍာငွေ ရယူခြင်းမရှိဘဲ မိမိဝင်ငွေဖြင့် မိမိရပ်တည်ဆောင်ရွက်သွားရန်မူဝါဒပြင်ဆင်ချမှတ်ခဲ့ပြီးဖြစ်ရာ ဌာန၏ဝင်ငွေနှင့် အသုံးစရိတ်မျှတပြီး ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရေကြောင်း ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကို Management Contract စနစ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ Management contract စနစ်ဖြင့်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည် Expression of Interest(EOI) အဆိုပြုလွှာကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးချုပ်တွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်မှ ၁၅ ရက်အတွင်း ရုံးချိန်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အခြေခံစဉ်းစားရမည့်အကြောင်းအချက်များအားလည်း တစ်ပါတည်းဖြန့်ဝေသွားမည် ဖြစ်ပါသည်။ သိရှိလိုသည့်အချက်များနှင့် ပတ်သက်၍ အောက်ပါပုဂ္ဂိုလ်ထံတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တွဲဖက်အတွင်းရေးမှူး
ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
အထွေထွေမန်နေဂျာရုံးခန်း
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)
အမှတ်(၅၀)ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၇၅၉၊ ၀၁-၃၇၉၃၄၈

၃။ Expression of Interest(EOI) အဆိုပြုလွှာများကို ပြည့်စုံစွာဖြည့်စွက်ဖော်ပြ၍ အထက် အပိုဒ်(၂)ပါ တွဲဖက်အတွင်းရေးမှူး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီထံသို့လိပ်မူ၍ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား ပြန်လည်တင်သွင်းရန်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ပို့ဆောင်ရေးဝန်ကြီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
## နေပြည်တော်ကောင်စီကျန်းမာရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)၏ ဆေးရုံဝင်း ခြံစည်းရိုးကာရံခြင်း ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။


၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၁-၂၀၁၅ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများတို ၁၉-၁-၂၀၁၅ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီရုံး၊ နေပြည်တော်ကောင်စီနယ်မြေ။

၅။ အသေးစိတ်သိရှိလိုသောအချက်များကို နေပြည်တော်ကျန်းမာရေးဦးစီးဌာနတွင်လည်းကောင်း ဖုန်းနံပါတ်-၀၆၇-၅၅၀၂၉၄ တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်

**မန္တလေး၊ ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း စွမ်းစွမ်းတမံ ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးချွန်စွာ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော လူပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အမိန့်ကြေညာစာအမှတ် ၁/၂၀၁၅ ဖြင့် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုကို ဦးသန်းဇော်ဝင်း ညွှန်ကြားရေးမှူး တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ဒေါ်မူမူဝေ ညွှန်ကြားရေးမှူး တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဦးနေအေး လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ဆည်မြောင်းဦးစီးဌာန၊ ဦးသူရိန်ကိုကိုကျော် ဦးစီးအရာရှိ (မြို့ပြ) ဆည်မြောင်းဦးစီးဌာန၊ ဦးစိန်ဝင်းမြင့်၊ ဒုတိယတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းတို့အား ချီးမြှင့်ခဲ့သည်။

စက်မှုစီးပွားဆိုင်ရာ ထူးချွန်ဆုကို ဦးဝင်းနိုင် ဦးစီးအရာရှိ (စက်မှု)ဆည်မြောင်းဦးစီးဌာန၊ ဦးအောင်အောင် ရွှေသီဟစက်မှုအင်ဂျင်နီယာလုပ်ငန်း စက်မှုဇုန်(၂)၊ ဦးမောင်အေး မန္တလာ လက်တွန်းထွန်စက်၊ စက်မှုဇုန် (၂) တို့အား ချီးမြှင့်ခဲ့သည်။

